# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၂၃)၊ ၁၃၈၇ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၆ ရက် ၊ ၂၆-၁၀-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံ

## ဒေသတွင်းသောက်သုံးရေရရှိရေး၊ ဒေသခံပြည်သူများအတွက် ရာသီမရွေး ရေချိုဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံတည်ဆောက်မည့်နေရာများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိ မြို့ဖများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကိုကိုးကျွန်းလေဆိပ်သို့ ရောက်ရှိကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ဒေသခံပြည်သူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကိုကိုးကျွန်းမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌လည်းကောင်း၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများကို မြို့တော်ခန်းမ၌လည်းကောင်း တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ သို့ ☆




နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ကိုကိုးကျွန်းမြို့ရှိ မြို့နယ်လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် အောက်တိုဘာ ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်၊ တနင်္ဂနွေနေ့။

## ပညာသည် လောက၏အလင်းရောင်

လူ့လောကတွင် ငယ်စဉ်အခါ ပညာရှာ၍ ကြီးသောအခါ ဥစ္စာရှာပြီး တင့်တယ်သောဘဝတစ်ခု ဖြစ်လာအောင် ကြိုးစားကြသည်။ ကောင်းမွန်သောဘဝတစ်ခုကို တည်ဆောက်နိုင်ရန်အတွက် အဓိကအချက်မှာ သင်ကြားခဲ့သောပညာကို အခြေခံ၍ စဉ်းစားဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ကြခြင်းဖြစ်သည်။

ပညာခေတ်တွင် လူတိုင်းလူတိုင်းပညာတတ် မြောက်ရန်လိုသည်။ပညာရှာဖွေရေးနည်းလမ်းများကလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ လောက၌ အတတ်ပညာနှင့် ပြည့်စုံသူကို ချီးကျူးပူဇော်ကြရ၏။ ထို့ကြောင့် လောကနီတိဆုံးမစာတွင် အိုချစ်သားတို့နေ့တိုင်း နေ့တိုင်း ပညာသင်ကြပါကုန်လော့ဟူ၍ ပညာတတ်အောင်သင်ကြားကြရန် တိုက်တွန်းထားသည်။ လူ့ဘဝတွင် ပထမအရွယ်၌ ပညာတတ်အောင်သင်ကြားကြရမည်။ ပထမအရွယ်၌ ပညာမသင် ကြားခဲ့သော် ဒုတိယအရွယ်၌ စီးပွားရှာဖွေရန်ခက်ခဲနေပေလိမ့်မည်။ စီးပွားဥစ္စာမပြည့်စုံခဲ့သော် တတိယအရွယ်၌ တရားဓမ္မရှာဖွေနိုင်မည် မဟုတ်ပေ။ စတုတ္ထအရွယ် ကွယ်လွန်ချိန်တွင်ကား ဘာမျှလုပ်နိုင်တော့မည်မဟုတ်ပေ။

ပညာသည် လောက၏ အလင်းရောင် မီးရှူးတန်ဆောင်၊ ပညာဖြင့် လောကအမှောင်ကိုခွင်း၍ ထွန်းလင်းတောက်ပအောင် ဆောင်ကြဉ်းနိုင်ပေသည်။ ပညာပြည့်ဝနှလုံးလှ၍ လောကကောင်းကျိုးကို သယ်ပိုးနိုင်သည်။ အသိဉာဏ်ပညာဖြင့် အရာရာကို ဆင်ခြင်တုံတရား ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်ရာ မိမိအကျိုး၊ လောကကောင်းကျိုး ဖြစ်ထွန်းစေသည်။ ထို့ကြောင့် ငယ်စဉ်တောင်ကျေးကလေးဘဝမှ လူလားမြောက်သည်အထိ ပညာသင်ကြား ကြိုးစားကြပြီး အမျိုးကောင်းသားများ ဖြစ်မြောက်လာအောင် အားထုတ်ကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက "နိုင်ငံတော်ဖွံ့ဖြိုးဖို့ပညာရေးကို အားပေးစို့"ဆောင်ပုဒ်နှင့်အညီ ပညာရေးကို အားပေးမြှင့်တင်ပေးပြီး ကျောင်းနေအရွယ် ကလေးငယ်တိုင်း မဖြစ်မနေ ကျောင်းနေနိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်မြောက်ရေးတွင် ဆရာ၊ ဆရာမများသည် ပဲ့ကိုင်ရှင်များဖြစ်၍ အရေအတွက်နှင့် အရည်အသွေးမြင့်မားအောင် မြှင့်တင်ပေးလျက်ရှိသည်။ ပညာသည် နိုင်ငံ၏အနာဂတ်၊ နိုင်ငံ၏ မီးရှူးတန်ဆောင် အလင်းရောင်ဖြစ်သည်။ ပညာဖြင့် မိမိတို့ဘဝနှင့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်၍ တိုးတက်ဖြစ်ထွန်းလာသော ပညာရေးကို ဆက်လက်မြှင့်တင်အားပေးပြီး ပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူပြီးမြောက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရေး၊ အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသော ပညာတတ်များပေါ်များရေး၊ အနည်းဆုံး(KG+9) ပြီးမြောက်ရေး အလေးအနက်ထား အကောင်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် ကျောင်းတွင်း၌ရော ကျောင်းပြင်ပမှာရော ပညာကိုကြိုးစားရှာဖွေရမည်ဖြစ်သည်။ ယနေ့အချိန်အခါတွင် ပညာရပ်များသည် အချိန်တိုင်းတိုးတက်လျက်ရှိသည်။

သို့ဖြစ်ရာ အစကောင်းမှအနှောင်းသေချာဆိုသော စကားအတိုင်း လူ့ဘဝ၏ အဖိုးတန်ဆုံးသော အချိန်ကာလသည် ပထမအရွယ်ကျောင်းသား၊ ကျောင်းသူများ၏လူငယ်ဘဝဖြစ်သည်။ လူငယ်ဘဝတွင် အကောင်းဆုံးသောအရာများကို ပိုင်ဆိုင်နိုင်အောင် လုပ်ဆောင်ကြရန် အရေးကြီးလှသည်။ ပညာသည် လောက၏ အလင်းရောင်ဖြစ်သောကြောင့် ကျောင်းပညာရပ်များ သင်ယူရမည့်အချိန်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရပ်များကို ဆုံးခန်းတိုင်အောင်သင်ကြား ကြရမည်လည်းဖြစ်သည်။ အခြေခံပညာ အဆင့်သည် လူငယ်ဘဝ၏ ပထမလှေကားထစ်ဟုဆိုနိုင်သည်။ စာမေးပွဲအဆင့်အဆင့်ကို အောင်မြင်အောင် ကြိုးစားနိုင်ခြင်းသည် ပထမဆုံးသော လှေကားထစ်ကို အောင်မြင်စွာ ကျော်ဖြတ်လိုက်ခြင်းပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး အောက်တိုဘာ ၂၅**

ညောင်ဦးခရိုင်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညိုနှင့်အတူ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးသော်ထိုက်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အေးမင်းစိုး၊ ညောင်ဦးခရိုင်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီဝင်များ၊ ညောင်ဦးမြို့နယ်တည်ဆောက်ရေးနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များလိုက်ပါလျက် ယနေ့ နံနက် ၇ နာရီခွဲမှ စတင်က ညောင်ဦးမြို့နယ်အတွင်း တည်ဆောက်လုပ်ကိုင်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း တည်ဆောက်လုပ်ကိုင်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် မြေနဲလေးကျေးရွာကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ တုရင်းတောင်စိမ်းလန်းစိုပြည်ရေးစီမံကိန်း ဒုတိယနှစ်ဆောင်ရွက်သည့် လေးလက်မမြေအောက်ရေ(အဝီစိတွင်း)ပေ၇၀၀ တူးဖော်ခြင်းလုပ်ငန်း၊ (၇ ဒသမ ၈ KW)ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလံ ၅၀၀၀ ဆံ့အုတ်ရေကန်နှစ်ကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းပေ ၉၀၀၀ လုပ်ငန်း၊ ပုဂံ-ညောင်ဦး လေဆိပ်ဖွံ့ဖြိုးရေးအနေဖြင့် လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ရပ်နားနေရာ တိုးချဲ့ခြင်း၊ နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက် ရှိသည့် မြို့နယ်ခန်းမပတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပုဂံခေတ်မူဟန်အတိုင်း ပြန်လည်ဖော်ထုတ်တည်ဆောက်သော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် မဟာရာဇ သီရိအနိရုဒ္ဓဒေဝအနော်ရထာမင်းကြီး၏ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးတွင် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေ လမ်းဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ပုဂံ-ညောင်ဦးလေဆိပ်လမ်းဆုံမှ ပုဂံမြို့သစ်အဝင်လမ်း (လမ်းသစ်) ၇ ဒသမ ၆၈၄ ကီလိုမီတာမှ ၈ ဒသမ ၆၈၇ကီလိုမီတာ အထိ(၁ ဒသမ ၀၀၃ကီလိုမီတာ) အရှည်၊ ၁၂ ဒသမ ၁၉ မီတာအကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် နန်းတော်ရာအဟောင်းတွင် သန့်ရှင်းရေးဆောင်ရွက်မှုတို့အား လုပ်ငန်းတည်ဆောက်ရေး ဆောင်ရွက်ပြီးစီးမှု၊ တည်ဆောက်ရန်ကျန်ရှိမှုနှင့် အရည်အသွေးကောင်းမွန်စွာ ဆောင်ရွက်ကြရန် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀-၀

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို အောက်တိုဘာ ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂ လမ်း၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြား၊ အမရပူရမြို့နယ်၊ ဆင်ရွာမြင်းမူးရွာဦးဘုန်းကြီးကျောင်းဘေး၊ ရွာလယ်လမ်းတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ ၁၁၁ လမ်း၊ ၆၄ လမ်းနှင့် ၆၅ လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် မဟာအောင်မြေမြို့နယ်၊ တံမျက်စည်းစုရပ်ကွက်၊ ၄၂ လမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ဓမ္မာရုံရှေ့နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈ လမ်း၊ ၇၂လမ်းနှင့် ၇၃ လမ်းကြားတို့တွင်လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင်အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အောင်သပြေဓမ္မာရုံ၊ ရွာလယ်လမ်းတွင်လည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃ လမ်း၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြား တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဝန်ကြီးချုပ်က ကိုကိုးကျွန်းဒေသ၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရက ကဏ္ဍအလိုက် ဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဒေသခံများအနေဖြင့်လည်း ပိုမိုတိုးတက်မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိဒေသမှ ထွက်ရှိသည့် အုန်းနှင့် အုန်းထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် ဒေသတွင်ထွက်ရှိသော သရက်၊ နာနတ်ကဲ့သို့သော သီးနှံများအား ရေရှည်ခံတန်ဖိုးမြင့် value added ထုတ်ကုန်ပစ္စည်းများ အဖြစ် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုကိုးကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် ယခင်ကတည်းကပင် မြို့လယ်လမ်းတစ်လျှောက် အုတ်တံတိုင်းများ ကာရံခြင်း၊ မြို့ပတ်ကတ္တရာလမ်းခင်းခြင်း၊ သင်္ဘော ဆိပ်ခံတံတား တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတိုးချဲ့ခြင်း၊ ရုပ်သံလိုင်းများ ရရှိအောင် ဆောင်ရွက်ခြင်း၊ အသားတိုးနွားမျိုး မွေးမြူမှုများ ဆောင်ရွက်ခြင်း၊ ဆက်သွယ်မှု အဆင်ပြေစေရေး အတွက် တယ်လီဖုန်းလိုင်းများ တပ်ဆင်ခြင်းတို့ကို နိုင်ငံတော်အကြီးအကဲက ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ဒေသခံများ၏အသက်မွေးဝမ်းကျောင်းအတွက် အုန်းသီး အခြေခံတန်ဖိုးမြင့် စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းများ၊ အိမ်တွင်းမှု သင်တန်းများနှင့် စက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကိုကိုးကျွန်းမြို့နေ ပြည်သူများ ဒေသဆန် ဖူလုံရေးအတွက် လယ်မြေ၊ကုန်းမြင့်လယ်မြေများ ဖော်ထုတ်ရန် စီစဉ်ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေရရှိရေးအတွက် လျှိုပိတ်ဆည်များ၊ ချောင်းပိတ်၊ မြောင်းပိတ် တမံအသေးစားများ ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အသွေးကောင်းမွန်သော ကိုကိုးပင်များ၊ အုန်းမျိုးများနှင့် ဝါးပင်များ စိုက်ပျိုးနိုင်ရေးအတွက် မြေနေရာ ရွေးချယ်ဖော်ထုတ်ပြီး ကွင်းဆင်းလေ့လာခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ သက်တမ်းရင့် အုန်းပင်များ အစားထိုးလဲလှယ် စိုက်ပျိုးရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင် ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုကိုးကျွန်းမြို့နယ်အား ဒေသဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် ကိုကိုးကျွန်းမြို့နေ ကျောင်းသားများ ပညာရေးနှင့် ပတ်သက်၍ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တန်းစဉ်ကူးပြောင်းရာတွင် အောင်ချက်မြင့်မားစေရေး ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်း၍ စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စနစ်တကျဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ စိုက်ပျိုးရေးမျိုးစေ့များ၊ သုတရသ စာအုပ်စာစောင်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် MRTV DTH Set Top Box များ၊ လှူဒါန်းပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနမဏ္ဍိုင်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုကိုးကျွန်း နေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့သွားရောက်၍ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိမှု အခြေအနေနှင့် ဒေသတွင်း သောက်သုံးရေရရှိရေး၊ ဒေသခံ ပြည်သူများအတွက် ရာသီမရွေး ရေချိုဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ တည်ဆောက်မည့်နေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၅

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုများရရှိစေရေးအတွက် ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်နေမှုကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံအားကစားကွင်းရှိ မြန်မာနိုင်ငံ Teqball အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံ၌ ပဏာမလက်ရွေးစင် Teqball အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ သွားရောက်၍ Joint Training လေ့ကျင့်ခဲ့မှု၊ Teqball Tour Bangkok 2025 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ယခုသွားရောက်ယှဉ်ပြိုင်သည့် အားကစားနည်းများတွင် Teqball အားကစားနည်းသည် အသစ်ပြန်လည်ဖွဲ့စည်းသည့် အားကစားနည်းဖြစ်ပြီး အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အတွေ့အကြုံရရှိစေရေးနှင့် အောင်မြင်မှုများရရှိစေရေး ကြိုးစားလေ့ကျင့်ကြရန် မှာကြားသည်။



ယင်းနောက် ခြင်းလုံးအားကစားရုံတွင် (အမျိုးသား/အမျိုးသမီး) Event-3 ပြိုင်ပွဲခတ်ကစားနည်းများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပန်ကြပ်ဆီလပ်အားကစားရုံတွင် ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ်အားကစားသမားများ၏ တစ်ကိုယ်တော်အလှပြ၊ သုံးယောက်တွဲအလှပြနှင့် အတိုက်အားကစားနည်းလေ့ကျင့်နေမှုကို လည်းကောင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာလေ့ကျင့်ရေးခန်းမ၌ ပဏာမလက်ရွေးစင် ဘိလိယက်နှင့်စနူကာ အားကစားသမားများ လက်ရည်စမ်းယှဉ်ပြိုင်လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုကာ နည်းပြနှင့် အားကစားသမားများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြပြီး ကရင်ပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်း အားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆု၊ အကောင်းဆုံး ရှေ့တန်း အားကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများ၊ တတိယနှင့် ဒုတိယဆုရအသင်းများအား ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို ငွေသားဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၆၃ ရက်

သာ လိုတော့သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် Generator များ ထုတ်လုပ်သည့်စက်ရုံများ ကြည့်ရှုလေ့လာ



နေပြည်တော် အောက်တိုဘာ ၂၅

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဘက်စုံသုံးအင်ဂျင်အမျိုးမျိုးနှင့် Generator များထုတ်လုပ်သည့် စက်ရုံများသို့ သွားရောက်လေ့လာသည်။

### ပြန်လည်ဆွေးနွေး

ယင်းသို့ သွားရောက်လေ့လာရာ စက်ရုံရှိ တာဝန်ရှိသူများက ထုတ်လုပ်ပြီးအစိတ်အပိုင်းအလိုက် တပ်ဆင်နေမှု၊ အပြီးသတ်ထုတ်ကုန်များ စမ်းသပ်စစ်ဆေးနေမှု၊ အသုံးပြုပြီးအင်ဂျင်များ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသုံးပြုသူ User များ၏ လိုအပ်ချက်အပေါ် မူတည်၍ မော်တော်ယာဉ်၊ ရေယာဉ်နှင့် Generator များတွင် တပ်ဆင်အသုံးပြုနိုင်ရန် ထုတ်လုပ်ထားသည့် မြင်းကောင်ရေအမျိုးမျိုးရှိအင်ဂျင်များ၊ မက်သနော အသုံးပြုအင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုနိုင်သည့် Generator များနှင့် ၎င်းတို့၏ စွမ်းဆောင်ရည်များအား စက်ရုံအတွင်း လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက နည်းပညာလွှဲပြောင်းရယူ၍ မိမိတို့၏စက်ရုံများတွင် တပ်ဆင်ထုတ်လုပ်လိုမှု အခြေအနေ၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လိုသည့်အခြေအနေ၊ မိမိတို့၏ဝန်ထမ်းများအား စက်ရုံများသို့ စေလွှတ်၍ လုပ်ငန်းခွင်သင်တန်းအမျိုးမျိုးအား လက်တွေ့သင်ယူလိုမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

### သွားရောက်လေ့လာ

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိသော ဒီဇယ်အင်ဂျင်များ၊ သဘာဝဓာတ်ငွေ့သုံးအင်ဂျင်များ၊ အဆိုပါအင်ဂျင်များနှင့် တွဲဖက်အသုံးပြုသည့် Generator များမှာ သက်တမ်းကြာမြင့်စွာ အသုံးပြုလာသည်နှင့်အမျှ စွမ်းဆောင်ရည်ပမာဏကျဆင်းလာမှုနှင့်အတူ သဘာဝဓာတ်ငွေ့လေလွင့်ဆုံးရှုံးမှုများပြားလာသည့်အတွက် အကြီးစားပြုပြင်မွမ်းမံရန် လိုအပ်လာခြင်း၊ အဆင့်မြှင့်တင်ရန် လိုအပ်လာခြင်း၊ လိုအပ်သည့် စက်အရန်ပစ္စည်းများ အချိန်မီရရှိရန် လိုအပ်ခြင်း၊ ပညာရှင်များကိုယ်တိုင် လာရောက်၍ ပြုပြင်ပေးရန်လိုအပ်ခြင်းတို့ကြောင့် နည်းပညာတိကျခိုင်မာပြီး သေချာမှုရှိသည့်ထုတ်လုပ်သူများနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်လိုသည့်အတွက် နည်းပညာနှင့် မူပိုင်ထုတ်လုပ်ခွင့်ရရှိထားသော နိုင်ငံပိုင်စက်ရုံများကို သွားရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သီပေါမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအား ထပ်မံဖွင့်လှစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ကျောင်းသားကျောင်းသူများ အမြန်ဆုံးပညာသင်ကြားနိုင်ရေး အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ခဲ့ကြရာ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းကို အောက်တိုဘာ ၂၂ ရက်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် အမှတ်(၂) အခြေခံပညာမူလတန်း(လွန်) ကျောင်းနှင့် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းတို့ကို လည်းကောင်း၊ ယနေ့တွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းကို လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်းလေးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောင်းများ၌ ကျောင်းအပ် လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၀၁ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၃၁ ဦး ကျောင်းတက်ရောက်၍ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိပြီး ကျောင်းသားကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။ ထို့အပြင် ပြည်သူ့ကျန်းမာရေးဌာနက ကျောင်းနေအရွယ် အသက် ၁၅ နှစ်အောက် ကျောင်းသား ကျောင်းသူ ၁၄၀ အား ကာကွယ်ဆေးထိုးနှံပေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ယနေ့တွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ(ဘော်ကြို)ကျောင်းများ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်း၊ အပြင်နှင့် စာသင်ဆောင်များ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော် မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး တာဝန်များကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA) တို့က ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် -၂၀၂၅ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူးကျိုးမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA)တို့မှ ကြီးမှူးကျင်းပသော စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ်-၂၀၂၅ သို့ တက်ရောက်သည်။

စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် -၂၀၂၅ တွင် တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာနမှ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဝမ်ဟုန်ကျင့်၊ International Renewable Energy Agency (IERNA)မှ ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဖရန်ဆက်စကို လာကမ်မီလာ၊ ကျန်းစူးပြည်နယ် အုပ်ချုပ်ရေးမှူး လျူရှောက်ထိုတို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့ခေတ်တွင် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရပြီး ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုရှိသော စွမ်းအင်လုံခြုံရေးသည် လူသားအားလုံးအတွက် ဦးစားပေးကိစ္စရပ်များထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ကာဗွန်ထုတ်လွှတ်မှု၏ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အကြီးစားစီမံကိန်းများအပြင် အသေးစားပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ အရင်းအမြစ်များအား မျှဝေအသုံးပြုခြင်းနှင့် နျူကလီးယားစွမ်းအင်ကဲ့သို့သော သန့်ရှင်းသည့်စွမ်းအင်အသစ်များလည်းပါဝင်ပါကြောင်း၊ ၂၀၂၅ ခုနှစ် စက်တင်ဘာလ မတိုင်မီကာလအထိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ် ၅၁ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် လေးရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေး နှစ်ရာခိုင်နှုန်းနှင့် ဒီဇယ်သုံးရာခိုင်နှုန်း စသည့် အချိုးအစားများဖြင့် စုစုပေါင်း ၆၃၅၇ မဂ္ဂါဝပ်အထိ ရှိပါကြောင်း၊ နှစ်စဉ်တိုးတက်လာသော လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် မြန်မာနိုင်ငံသည် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး ပင်မစီမံချက် (၂၀၃၀ အထိ) ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း။




မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ကို အဓိကအားထားလျက်ရှိပြီး နိုင်ငံတော်တွင် လျှပ်စစ်ပြည့်ဝစွာသုံးစွဲနိုင်ရေးမှာ ဂေဟဗေဒဆိုင်ရာ ထိခိုက်မှုနည်းသည့် ပြန်ပြည့်မြဲစွမ်းအင် ပိုမိုသုံးစွဲရာတွင် ဓာတ်အားလိုင်းတည်ငြိမ်မှုဆိုင်ရာ ပြဿနာများကို ဖြစ်ပေါ်စေသည့်ကိစ္စရပ်များကို ဖြေရှင်းရန် ဗျူဟာမြောက်လိုအပ်ချက်တစ်ရပ် ဖြစ်ပါကြောင်း၊ ကျောက်မီးသွေးစွမ်းအင်အသုံးပြုမှုကို ၂၀၃၀ ပြည့်နှစ်အထိသာ ဆက်လက်အသုံးပြုရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ကျောက်မီးသွေးစွမ်းအင်အသုံးပြုမှု ရပ်ဆိုင်းသွားရန် ရည်မှန်းချက်များရှိပါကြောင်း၊ လက်ရှိအချိန်တွင် နေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံ ရှစ်ရုံ(၂၄၀ မဂ္ဂါဝပ်)၊ အသေးစားနေရောင်ခြည်စွမ်းအင် ဓာတ်အားပေးစက်ရုံများမှ ၂၃ မဂ္ဂါဝပ်ခန့် တပ်ဆင်ထားရှိပါကြောင်း၊ နေရောင်ခြည်စွမ်းအင်စီမံကိန်းများအတွက် အကောက်ခွန်ကင်းလွတ်ခွင့် မူဝါဒများ ချမှတ်ပေးလျက်ရှိပါကြောင်း၊ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဘောင် သဘောတူညီချက် (UNFCCC)နှင့်အညီ မြန်မာနိုင်ငံသည် ၂၀၂၁ ခုနှစ်တွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (NDC)ကို ရေးဆွဲအတည်ပြုခဲ့ပြီး ယင်း NDC တွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့် ရည်မှန်းချက်နှင့် နိုင်ငံတကာမှပံ့ပိုးကူညီမှုရရှိပါက အကောင်အထည်ဖော်နိုင်မည့် ရည်မှန်းချက်နှစ်ရပ်ကို သတ်မှတ်ထားရှိပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ရေအားလျှပ်စစ်မပါဝင်သော ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍတွင် ပြည်တွင်းအရင်းအမြစ်များဖြင့် အကောင်အထည်ဖော်မည့်ရည်မှန်းချက်မှာ ၁၁ ရာနှုန်း (၂၀၀၀ မဂ္ဂါဝပ်)ဖြစ်ပြီး လုံလောက်သော နိုင်ငံတကာပံ့ပိုးမှုရရှိပါက ၁၇ ရာနှုန်း (၃၀၇၀ မဂ္ဂါဝပ်) အထိ တိုးမြှင့်နိုင်ရန် ရည်ရွယ်ထားပါကြောင်း၊ ယင်းသို့ အောင်မြင်မှုရရှိပါက ကျောက်မီးသွေးမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချသွားမည်ဖြစ်ပါကြောင်း၊ ၂၀၂၆ ခုနှစ်မှ ၂၀၄၅ ခုနှစ်အထိ နောက်ထပ် အနှစ် ၂၀ အတွက် စွမ်းအင်အသစ်ဖွံ့ဖြိုးရေးအစီအစဉ်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ပုံစံသစ်ကိုလည်း ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှာ အဓိကကျပြီး နိုင်ငံတကာ၏ကူညီထောက်ပံ့မှုများလည်း လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration- NEA) ၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာ ဝမ်ဟုန်ကျင့်နှင့်အဖွဲ့ကို တွေ့ဆုံ၍ ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်သည့် လျှပ်စစ်စီမံကိန်းများအတွက် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်စွာဆွေးနွေး၍ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးကို နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မုန်တိုင်းငယ်၏အရှိန်ကြောင့် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၁၀ မိုင်ခန့်၊ ကာကီနာဒါမြို့၏ အရှေ့တောင်ဘက်ရေမိုင် ၅၃၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**


အဆိုပါမုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၀.၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၈.၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်**


အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီးအောက်တိုဘာ ၂၆ ရက်တွင်အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာ ၂၇ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။




၂၅-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ







# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသော အမရပူရမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေးအတွက် ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ၊ အလှူငွေလှူဒါန်းပွဲနှင့် ကျောက်တော်ကြီးဘုရား ပြုပြင်နိုင်ရန်အတွက် အလှူငွေလှူဒါန်းပွဲ အခမ်းအနားများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေးအတွက် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက သံသေကပ်ကျော်ဆုတောင်းပြည့်ဘုရား ပရဝဏ်ရင်ပြင်တော်တွင် ကျင်းပသည်။

အခမ်းအနားသို့ သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဆင်ဖြူမယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တအဂ္ဂညာဏ အမှူးပြုပြီး ဩဝါဒါစရိယဆရာတော်များ ကြွရောက်ချီးမြှင့်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ကိုဖွင့်လှစ်ပေးပြီးနောက် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဆင်ဖြူမယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကထံက အဖွင့်ဩဝါဒကထာ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် မန္တလေးငလျင်ကြီးကြောင့် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားရှင်ရုပ်ပွားတော်မှာ ထိခိုက်မှုမရှိခဲ့သော်လည်း သီတင်းသုံးရာ ဂန္ဓကုဋီတိုက်ကျောင်းဆောင်တော်ကြီးမှာ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါကြောင်း၊ ဂန္ဓကုဋီတိုက်တော်ကြီးအား ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံနိုင်ရေးအတွက် ပညာရှင်များက လိုအပ်သည့် ကွင်းဆင်းစစ်ဆေးမှုတွေ့ရှိချက်များနှင့် ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆရာတော်ကြီးများ၏ ဩဝါဒများနှင့်အညီ ဆရာဒကာ လက်တွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားခဲ့သည်။

ဆက်လက်၍ သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှု အခြေအနေများနှင့် ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းတင်ပြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒများခံယူခဲ့သည်။

၎င်းနောက် ရှေးဟောင်းသမိုင်းဝင် သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရေးအတွက် ဆရာတော်ကြီးများအား အမှူးထား၍ ခုနစ်ရက်သားသမီးများကောင်းမှု အလှူငွေကျပ် သိန်း ၅၀၀၀ နှင့် ရွှေစင် (၁)ကျပ်သား၊ ငွေစင် (၁)ကျပ်သား၊ ဩဝါဒါစရိယဆရာတော်ကြီးများထံ သင်္ကန်းများ၊ နဝကမ္မဝတ္ထုငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆက်ကပ်လှူဒါန်း၍ သံသေကပ်ကျော်ဆုတောင်းပြည့်မြတ်စွာဘုရားဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် ဆင်ဖြူမယ်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တအဂ္ဂညာဏထံ ကနိဂုံးချုပ် ဩဝါဒကထာ နာယူကြည်ညို၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အလားတူ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမရပူရမြို့နယ် တောင်သမန်မဟာသက္ကျရုံသီ ကျောက်တော်ကြီးဘုရားအား စိန်ဖူးတော်၊ ရွှေထီးတော်အသစ်တင်လှူနိုင်ရန်နှင့် ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများလှူဒါန်းသည့် အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုခဲ့သည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး မြင်းခြံမြို့၊ ကျိုက်ထီးရိုးဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် မဟာသက္ကျရုံသီ ကျောက်တော်ကြီးဘုရား စိန်ဖူးတော်၊ ရွှေထီးတော်အသစ် တင်လှူနိုင်ရန်နှင့် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများ လှူဒါန်းရာ အလှူရှင် ဒေါ်သက်သက်မာ (Ruby Land Hotel) မိသားစုက မတည်လှူဒါန်းငွေကျပ် သိန်း ၅၀၀၀၊ အောင်သမာဓိ မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ မြဂုဏ်ရောင်အထည်ဆိုင် မိသားစုများက အလှူငွေကျပ် သိန်း ၅၀ တို့ကို လှူဒါန်းခဲ့ကြကြောင်းနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် ဘဒ္ဒန္တသီဟနာဒထံမှ ဩဝါဒကထာများနှင့် ဗိုလ်တောင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဒဿနာလင်္ကာရာဘိဝံသထံမှ အနုမောဒနာတရားများ နာယူကြည်ညိုခဲ့ကြကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြင်းကပါကျေးရွာ၌ ဒုတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့သည်။



မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြင်းကပါကျေးရွာရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၈၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ စုစုပေါင်း အသင်းသား ၊ အသင်းသူ ၁၈၇ ဦးကို ဒုတိယအကြိမ်မြောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြင်းကပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ စီမံကိန်းကာလသတ်မှတ်ချက်များနှင့် ချေးငွေအတိုးနှုန်းထားများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၇ သန်းကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

(ခဲပုံ)

(၄၄၅)

*-*-*-*-*

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

မန္တလေး အောက်တိုဘာ ၂၅

မန္တလေးမြို့တွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သော အဖွဲ့သည် ယနေ့ ညနေပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားနိုင်ငံ နိုဗိုစီဗစ်ရက်စ်လေဆိပ်သို့ MAI လေကြောင်းလိုင်းဖြင့် ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့၊ တာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀




## ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းများ ကုသိုလ်ပြုဆောင်ရွက်

မန္တလေး အောက်တိုဘာ ၂၅

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းများကို ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများနှင့် တာဝန်ရှိသူများက ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါနသံဃာဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၇၀၀ ဦးခန့်က ချုံနွယ်၊ ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်၊ မြောင်းစာများ ဆယ်ယူရှင်းလင်းခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇီဝိတဒါနအဖြစ် နှစ်လက်မအရွယ် ငါးအကောင် ၁၀,၀၀၀ကို ကန်တော်ကြီးအတွင်း လွှတ်ပေးခြင်းတို့ကို ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)












## မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

မြစ်သား အောက်တိုဘာ ၂၅


မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ၂၀၂၅-၂၀၂၆ခုနှစ်၊ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးခြင်းသည် ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းသားတောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ရွှေလေးကျေးရွာရှိ ရွှေလေးစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ မိုးစပါးစိုက်ပျိုးထားသည့် အသင်းသားတောင်သူ ဦးအောင်ဇော်မိုး၏ ကွင်းအမှတ်(၅၈၅)၊ဦးပိုင်အမှတ်(၆၅/၅) စိုက်ဧက (၃)ဧကတွင် မိုးစပါးစိုက်ပျိုးထားသည့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ယခုနှစ် မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ဧကအားလုံး ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပြည့်မီရေးကို ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကြည့်ရှုစစ်ဆေးရာသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများနှင့် ဒေသခံ အသင်းသားတောင်သူများ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

## ဝန်ကြီးချုပ် လောရင့်စ်ဝေါင်း၏ ဖိတ်ကြားချက်အရ တရုတ်ဝန်ကြီးချုပ် လီချန်း စင်ကာပူသို့ ရောက်ရှိလာ



**စင်ကာပူ အောက်တိုဘာ ၂၅**

တရုတ်ဝန်ကြီးချုပ် လီချန်းသည် အောက်တိုဘာ ၂၅ ရက်တွင် စင်ကာပူနိုင်ငံသို့ တရားဝင်ခရီးစဉ်ဖြင့် ရောက်ရှိလာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးချုပ် လောရင့်ဝေါင်း၏ ဖိတ်ကြားချက်အရ လာရောက်သည့် ၎င်း၏ နှစ်ရက်ကြာ ခရီးစဉ်သည် ဝန်ကြီးချုပ် လီချန်း၏ စင်ကာပူသို့ ပထမဆုံး တရားဝင်ခရီးစဉ် ဖြစ်သည်။

"ယခုနှစ် ဖွန်လတွင် ဝန်ကြီးချုပ်ဝေါင်း တရုတ်နိုင်ငံသို့ တရားဝင် သွားရောက်ခဲ့ခြင်းနှင့် အတူ ယခုတရားဝင် အပြန်အလှန် ခရီးစဉ်များ ဖလှယ်ခြင်းသည် ၂၀၂၅ ခုနှစ်တွင် စင်ကာပူနှင့် တရုတ်နိုင်ငံတို့ သံတမန်ဆက်ဆံရေး ထူထောင်သည့် ၃၅ နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုခြင်းဖြစ်ပြီး နှစ်နိုင်ငံ၏ အလွန်ကောင်းမွန်သော ဆက်ဆံရေးကို ထင်ဟပ်စေသည်" ဟု စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တရုတ်နှင့် စင်ကာပူနှစ်နိုင်ငံသည် ၁၉၉၀ ပြည့်နှစ်တွင် သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိုစဉ်က စင်ကာပူဝန်ကြီးချုပ် တာဝန်ထမ်းဆောင်ခဲ့သူ လီရှန်လွန်းတို့ ပေကျင်း၌ တွေ့ဆုံပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးကို "ဘက်စုံ အရည်အသွေးမြင့် အနာဂတ်ဦးတည် မိတ်ဖက်ဆက်ဆံရေး" အဖြစ် အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည် **Mon**

## ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေး အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံရန် မလေးရှားနိုင်ငံသို့ ရောက်ရှိ



တိုကျို အောက်တိုဘာ ၂၅

ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေးက အာဆီယံခေါင်းဆောင်များနှင့် တွေ့ဆုံရန် မလေးရှားနိုင်ငံသို့ ယနေ့ ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သည် ဝန်ကြီးချုပ် တာဝန်ယူပြီးနောက် ၎င်း၏ ပထမဆုံး ပြည်ပခရီးစဉ်လည်း ဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေးက အောက်တိုဘာ ၂၆ ရက်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံမည် ဖြစ်သည်။

ဝန်ကြီးချုပ် ဆာနေးက လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို မြှင့်တင်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားကြောင်း သိရသည်။

ဉာဏ်ရည်တုကဲ့သို့သော အဆင့်မြင့် နည်းပညာများနှင့် ထောက်ပံ့ရေးကွင်းဆက်များ အားကောင်းလာစေရေးအပါအဝင် နယ်ပယ်များစွာတွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အတည်ပြုရန်လည်း စီစဉ်ထားသည်။

ထို့အပြင် ဝန်ကြီးချုပ် ဆာနေးက ကာဗွန်ကြားနေရေးနှင့် စီးပွားရေးတိုးတက်မှုဆိုင်ရာ နိုင်ငံတကာ ညီလာခံကိုလည်း တက်ရောက်မည်ဖြစ်သည်။

မလေးရှားဝန်ကြီးချုပ်နှင့် လက်ရှိအာဆီယံဥက္ကဋ္ဌ အန်ဝါ အီဘရာဟင်တို့အပါအဝင် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးများ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဝန်ကြီးချုပ် ဆာနေးက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် လာမည့်သီတင်းပတ် အစောပိုင်းတွင် တိုကျို၌ တွေ့ဆုံမည်ဖြစ်သည်။ ထို့နောက် အာရှ-ပစိဖိတ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့တက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ရှန်ကျန်း-ကျုံးဆန်း ဆက်ကြောင်းရှိ လူဖန်တီးသောကျွန်းကို ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနေရာအဖြစ် ဖွင့်လှစ်ပေးမည်



**ပေကျင်း အောက်တိုဘာ ၂၅**

တရုတ်နိုင်ငံ ကွမ်တုန်း-ဟောင်ကောင်-မကာအို ပင်လယ်ကွေ့ ဧရာမစီမံကိန်းဖြစ်သော ရှန်ကျန်း-ကျုံးဆန်း ဆက်ကြောင်းရှိ လူဖန်တီးသောကျွန်းကို လာမည့် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးနေရာ အဖြစ်ဖွင့်လှစ်ကာ တစ်လကြာ စမ်းသပ်လည်ပတ်မှု စတင်တော့မည်ဖြစ်ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အနောက်ဘက်ရှိ ယင်းလူဖန်တီးသောကျွန်းကို ဒီဇင်ဘာလတွင် တရားဝင်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ကွမ်တုန်းသယ်ယူပို့ဆောင်ရေးအုပ်စုက သတင်း ထုတ်ပြန်သည်။

တံတားများ၊ ကျွန်းများ၊ ဥမင်လိုဏ်ခေါင်းများနှင့် ရေအောက်ယာဉ်ကြော ကူးလူးဆက်သွယ်သည့်နေရာများ ပေါင်းစပ်ထားသော ပင်လယ်ဖြတ်ကျော် စုပေါင်းစီမံကိန်းဖြစ်သည့် ရှန်ကျန်း-ကျုံးဆန်းလင့်ခ်သည် ၂၄ ကီလိုမီတာခန့် ရှည်လျားပြီး ၎င်း၏ အမျိုးအစားတွင် ဘက်စုံ တည်ဆောက်ရေး အခက်အခဲအရှိဆုံး စီမံကိန်းများထဲမှ တစ်ခုပင်ဖြစ်သည်။

ခုနစ်နှစ်ကြာ စီမံကိန်းရေးဆွဲခြင်းနှင့် လုပ်သား ၁၅၀၀၀ ကျော်ဖြင့် နောက်ထပ် ခုနစ်နှစ်ကြာ တည်ဆောက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် အဆိုပါ စီမံကိန်းကို ပြီးစီးခဲ့ပြီး ယာဉ်အသွားအလာအတွက် ဖွင့်လှစ်ပေးခဲ့သည်။

အနောက်ဘက်ကျွန်းမှ ဥမင်လိုဏ်ခေါင်းထဲသို့ ဝင်ရောက်ကာ ဥမင်လိုဏ်ခေါင်းမှ ပြန်တက်လာရသည့် အဆိုပါတံတားကို ဖြတ်သန်းသော ယာဉ်အရေအတွက် ယမန်နှစ်ကထက် ပိုမိုများပြားနေကြောင်း သိရသည်။ **Mon**

## နိုင်ငံတကာသတင်းများ

## ထိုင်းဘုရင် ဗာဂျီရာလောင်ကွန်း၏ မယ်တော်ဘုရင်မကြီး အသက် (၉၃)နှစ်အရွယ်တွင် နတ်ရွာစံ ကံတော်ကုန်



**ဘန်ကောက် အောက်တိုဘာ ၂၅**

ထိုင်းဘုရင် ဗာဂျီရာလောင်ကွန်း၏ မယ်တော်ဘုရင်မကြီး ဆီရီကစ်သည် အသက် (၉၃)နှစ်အရွယ်တွင် နတ်ရွာစံ ကံတော်ကုန်သွားပြီဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၂၄ ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၂၁ မိနစ်တွင် ဘန်ကောက်မြို့ရှိ ဆေးရုံတစ်ခု၌ မယ်တော်ဘုရင်မကြီး ငြိမ်းချမ်းစွာ နတ်ရွာစံခဲ့သည်ဟု တော်ဝင်နန်းတော်ရုံးက သတင်းထုတ်ပြန်သည်။

ဘုရင်မကြီး ဆီရီကစ်သည် ၂၀၁၉ ခုနှစ်ကတည်းက ဆေးရုံတွင် တက်ရောက်နေခဲ့ပြီး ယခုလအတွင်း သွေးပိုးဝင်သည့် ရောဂါအပါအဝင် ရောဂါဝေဒနာများစွာ ခံစားခဲ့ရသည်ဟု ဆိုသည်။

ဘုရင်မကြီး ဆီရီကစ်သည် ထိုင်းနိုင်ငံ၏ အချိန်အကြာဆုံး ထီးနန်းစိုးစံခဲ့သော ဘုရင် ဘူမိဘော အဒူလျာဒက်နှင့် ဆယ်စုနှစ်ခြောက်ခုကျော်ကြာ လက်ထပ်ပေါင်းသင်းခဲ့ပြီး ဘုရင် ဘူမိဘောသည် ၂၀၁၆ ခုနှစ်တွင် ကံတော်ကုန်ခဲ့သည်။ ၎င်းတို့ ကမ္ဘာအနှံ့ ခရီးလှည့်လည်ခဲ့စဉ်က ဘုရင်မကြီး ဆီရီကစ်ကို ဖက်ရှင်စံပြ အမျိုးသမီးအဖြစ် သတ်မှတ်ခဲ့သည်။

ဘုရင် ဗာဂျီရာလောင်ကွန်းက တော်ဝင်ဈာပနအခမ်းအနားများ စီစဉ်ရန်အတွက် ထိုင်းတော်ဝင်နန်းတော်ရုံးသို့ အမိန့်ပေးထားကြောင်း သိရသည်။

**Mon**

## ဉာဏ်ရည်တုစနစ်သုံး ကွပ်အေအိုင်မျက်မှန်ကို ၃၉၉၉ ယွမ်ဖြင့် အလီဘာဘာက ရောင်းချမည်ဟု ဆို

**ပေကျင်း အောက်တိုဘာ ၂၅**

အလီဘာဘာက ကြာသပတေးနေ့တွင် ၎င်းတို့၏ ထွက်ရှိလာမည့် ဉာဏ်ရည်တုမျက်မှန်များအတွက် ဈေးနှုန်းကို ကြေညာခဲ့ပြီး နောက်ဆုံးပေါ် ဉာဏ်ရည်တုပုံစံများဖြင့် အသုံးပြုထားသည့် ချတ်ဘော့အသစ်ကိုလည်း မိတ်ဆက်ခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အဆိုပါ တရုတ်နည်းပညာကုမ္ပဏီကြီးက ကွပ်အေအိုင်မျက်မှန်ကို အောက်တိုဘာလနှောင်းပိုင်းတွင် အလီဘာဘာ၏ အီလက်ထရောနစ် ကုန်သွယ်မှု ပလက်ဖောင်းဖြစ်သော တီမောလ်တွင် ကြိုတင်ရောင်းချမည်ဟု ဖောက်သည်များကို အသိပေးထားသည်။

ကြိုတင်ရောင်းချမည့် ဈေးနှုန်းသည် တရုတ်ယွမ် ၄၆၉၉ (ဒေါ်လာ ၆၅၉ ဒသမ ၄)ဖြင့် စတင်မည်ဖြစ်သော်လည်း လျှော့ဈေးအမျိုးမျိုးပေးပြီးနောက် ၃၉၉၉ ယွမ် ကျသင့်မည်ဟု ဆိုသည်။

အလီဘာဘာအနေဖြင့် ဒီဇင်ဘာလမှစ၍ ထိုထုတ်ကုန်ကို မှာယူသူများထံသို့ စတင်ပို့ဆောင်ပေးမည်ဖြစ်သည်။

ဟန်ကျိုးမြို့ အခြေစိုက် အဆိုပါကုမ္ပဏီက ၎င်းတို့၏ လက်ရှိ ကွပ်အပလီကေးရှင်း အတွင်းရှိ အေအိုင်ချက်လက်ထောက်ဟုခေါ်သော ချတ်ဘော့ ပုံစံအသစ်ကိုလည်း မိတ်ဆက်ခဲ့သည်။

အဆိုပါ မျက်မှန်နှင့် ချတ်ဘော့ထုတ်ကုန်သည် အလီဘာဘာအတွက် အာရုံစိုက်မှု ပိုမိုလာသည့် နယ်ပယ်တစ်ခုဖြစ်သော ဝယ်ယူသူများကို ပစ်မှတ်ထားသည့် ဉာဏ်ရည်တုနည်းပညာကို မီးမောင်းထိုးပြနေကြောင်း သိရသည်။

**Mon**





## မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်တွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်မီးသတ်ဦးစီးဌာနမှ သန္တေမီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းရှိ တာဝန်ရှိသူများက ရန်အောင်(၂)ရပ်ကွက်၊ရန်နိုင်ရပ်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ကွင်းဆင်းဆောင်ရွက်ကြပြီး ရပ်ကွက်နေ ပြည်သူများအား မီးဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)




## စက်သုံးဆီသယ်ယာဉ်များ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**အောင်လံ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်အတွင်း စက်သုံးဆီသယ်ယာဉ်များ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေဖြိုးဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စက်သုံးဆီသယ် ဆီဘောက်ဆာယာဉ်များကို မီးဘေးလုံးခြုံရေးအတွက် စစ်ဆေးခဲ့သည်။ ထို့နောက် စက်သုံးဆီ ဘောက်ဆာယာဉ်များ၊ စက်သုံးဆီအရောင်းဆိုင်များရှိ ဆီသိုလှောင်ကန်များသို့ ဆီဖြည့်တင်းရာတွင်လည်းကောင်း၊ လမ်းခရီးတစ်လျှောက် စက်သုံးဆီဘောက်ဆာယာဉ် မောင်းနှင်ရာတွင်လည်းကောင်း၊ မီးလောင်မှုနှင့် မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများနှင့် မီးဘေးလုံခြုံရေး အကြံပြုချက်များအား စနစ်တကျ အလေးထားဆောင်ရွက်စေရေးတို့ကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မျိုးသိန်း(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ကျိုင်းတုံမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ကျိုင်းတုံမြို့နယ်၊ ဝိန်းကျောက်ကျေးရွာအနီးတွင် ရျော်နီ(ခ)ကျာဘဲ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုးမြတ်မင်း(ခ)အားစန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀,၀၀၀ ၊ ဘိန်းစိမ်းအလေးချိန် ၅၅ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးမြတ်မင်း(ခ)အားစန်း(၂၀)နှစ်နှင့် ရျော်နီ(ခ)ကျာဘဲတို့အား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နှစ်လုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇) ရပ်ကွက်နေ ဖြူအေးငြိမ်း(ခ) မပိုင်း(၃၇)နှစ်၏ နေအိမ်၌ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ၎င်းအား နှစ်လုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဖြူအေးငြိမ်း(ခ)မပိုင်းအား လယ်ဝေးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**ဘီးလင်း အောက်တိုဘာ ၂၅**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၁ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာ၊ ရွှေသံလွင်တိုးဂိတ်ဟောင်း၌ ကျိုက်ထိုခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ ဝဏ္ဏထူး(၄၇)နှစ် မောင်းနှင်လာသည့် DAIHATSU HI-JET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝဏ္ဏထူးအား လည်းကောင်း၊ အလားတူ အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာ၊ ရွှေသံလွင်တိုးဂိတ်ဟောင်း၌ ကျိုက်ထိုခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်နေ ပြည့်ဖြိုးအောင်(၃၆)နှစ် မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပြည့်ဖြိုးအောင်အားလည်းကောင်း ဘီးလင်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တောင်ကြီး အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၌ မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့မှုကြောင့် လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၂ ရက် ည ၇ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ သုခချမ်းသာရပ်ကွက်၊ ရွှေညောင်-ရပ်စောက်သွားကားလမ်း မိုင်တိုင်အမှတ် ၁၀၁ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွှေညောင်မြို့၊ လှိုင်ဘုံသာရပ်ကွက်နေ လောလူ(၆၆)နှစ် မောင်းနှင်လာသည့် TOYOTA CROWN မော်တော်ယာဉ်သည် ရွှေညောင်-ရပ်စောက်လမ်းဆုံ မီးပွိုင့်မှ ရပ်စောက်မြို့ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာသို့ အရောက်၌ လမ်းဖြတ်ကူးသူ အဆိုပါရပ်ကွက်နေ ဦးတင်ထွန်း(၅၉)နှစ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးတင်ထွန်းတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် လောလူအား ရွှေညောင်နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၁၄၄ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်း စစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်း လောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၁၄၄ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ကာ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၈၁၃ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၂၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မီဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

**အရေးယူဆောင်ရွက်**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "ပဲခူးလေးနိုင် ပဲခူးလေးနိုင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက်နေ လေးနိုင်(ခ)လေးလေးနိုင်အား ည ၁၀ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့နယ် အမှတ်(၂)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မြို့မ နှစ် (၁၀၀) ပြည့်အထိမ်းအမှတ်ပွဲတွင် အဆိုပြိုင်ပွဲ ထည့်သွင်းကျင်းပမည်ဖြစ်ရာ အဆိုပြိုင်ပွဲဝင်များအား အသံစစ်ဆေး

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးမြို့၊ မြို့မအပျော်တမ်းတူရိယာအသင်းကြီး၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတွင် အဆိုပြိုင်ပွဲထည့်သွင်း ကျင်းပမည်ဖြစ်ရာ အဆိုပြိုင်ပွဲဝင် ၆၀ ဦးအား ယနေ့နံနက် ၉ နာရီမှစတင်၍ မြို့မအသင်းတိုက်တွင် ပြုလုပ်သည်။

မြို့မအသင်းကြီးသည် ၂၀၂၅ ခုနှစ်တွင် နှစ် (၁၀၀)ပြည့်ခဲ့ပြီဖြစ်၍ မန္တလေးမြို့တွင် ရာပြည့်အထိမ်းအမှတ်ပွဲကို ခမ်းနားစွာ ကျင်းပသွားမည်ဖြစ်ရာ မြို့မအသင်းကြီး၏ တေးသီချင်းများကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်သည်။

"မြို့မစိန်ရတုပွဲကိုလည်း ခမ်းနားစွာ ကျင်းပခဲ့သလို ဒီနှစ်မှာ နှစ် (၁၀၀) ပြည့်ခဲ့ပြီးဖြစ်တော့ ရာပြည့်အထိမ်းအမှတ်ကို တခမ်းတနားကျင်းပသွားမှာပါ။ အပျော်တမ်းဂီတအဖွဲ့အစည်းတစ်ခုဟာ ခုလို နှစ်ပေါင်း (၁၀၀) တိုင်အထိ စည်းစည်းလုံးလုံးနဲ့ ခိုင်ခိုင်မြဲမြဲ ရှိနေတာက ဂုဏ်ယူစရာဖြစ်ပါတယ်"ဟု မြို့မအသင်းမှ ဒိုင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပြိုင်ပွဲဝင်မည့် ၆၀ ဦးကို အသံစစ်ဆေးမည်ဖြစ်ပြီး မိုင် ၂၀၀ နှင့်အထက် ဝေးသည့်ဒေသများမှ ယှဉ်ပြိုင်သူများအား အွန်လိုင်းစနစ်ဖြင့် အသံစစ်ဆေးခြင်းဖြစ်ရာ ပဏာမအနေဖြင့် ၄၀ ဦးရွေးချယ်မည်ဖြစ်ကြောင်း၊ အသံစစ်ဆေးမှုတွင် နှစ်သက်ရာ မြို့မအသင်း၏ တေးသီချင်းတစ်ပုဒ်ကို သီဆိုရကြောင်း သိရသည်။ **(အပေါ်ပုံ)**

"အသံစစ်တဲ့ အဆင့်မှာ ၆၀ဦးထဲကနေ ၄၀ ဦးကိုရွေးပြီး ဒုတိယအဆင့် ယှဉ်ပြိုင်ရမယ်။ အဲ့ဒီမှာ ၂၀ ဦး ရွေးချယ်မယ်။ သူတို့က နောက်ဆုံးအဆင့်ယှဉ်ပြိုင်ရမှာပါ။ ပထမ၊ ဒုတိယ၊တတိယနဲ့နှစ်သိမ့်ဆု ဆက်လက်ရွေးချယ်သွားမှာပါ။ အသံစစ်တဲ့အခါ မိုင် ၂၀၀ အထက်က ပြိုင်ပွဲဝင်တွေက လာစရာ မလိုဘဲ အွန်လိုင်းနဲ့ အသံစစ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

မြို့မ နှစ် (၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်အတွက် သီဆိုယှဉ်ပြိုင်ရမည့် တေးသီချင်းများမှာ မြို့မ၏ တေးသီချင်းများဖြစ်ပြီး အမျိုးသားများအတွက် သီချင်း ၁၀ပုဒ်၊ အမျိုးသမီးများအတွက် သီချင်း ၁၀ ပုဒ်ကို ပြိုင်ပွဲဝင်များအား ကြိုတင်အသိပေးထားကြောင်း၊ ဒုတိယအဆင့်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်နှင့် နောက်ဆုံးပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ချဲလ်ဆီး | ၁ | ၂ | ဆန်းဒါးလန်း |
| နယူးကာဆယ် | ၂ | ၁ | ဖူဟမ် |
| မန်ယူ | ၄ | ၂ | ဘရိုက်တန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀) အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ဂျီရိုနာ | ၃ | ၃ | အိုဗီအေဒို |
| အက်စ်ပန်ညို | ၁ | ၀ | အယ်လ်ချီ |
| ဘီဘာအို | ၀ | ၁ | ဂီတာဖေး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| အော့စ်ဘက် | ၀ | ၆ | လိုက်ပဇစ် |
| ဂလာဘတ် | ၀ | ၃ | ဘိုင်ယန်မြူးနစ် |
| ဖရန့်ဖတ် | ၂ | ၀ | စိန့်ပေါလီ |
| ဟမ်းဘတ် | ၀ | ၁ | ဝုဖ်ဘတ် |
| ဟော့ဖန်ဟိမ်း | ၃ | ၁ | ဟိုင်ဒင်ဟိမ်း |
| ဒေါ့မွန် | ၁ | ၀ | ကိုလုံး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ပါးမား | ၀ | ၀ | ကိုမို |
| အူဒီးနီးစ် | ၃ | ၂ | လက်ချီ |
| နာပိုလီ | ၃ | ၁ | အင်တာမီလန် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉)အနိုင်၊ အရှုံး (NGB)

| | | | |
|---|---|---|---|
| ဘရက် | ၀ | ၃ | ပီအက်စ်ဂျီ |
| မိုနာကို | ၁ | ၀ | တူးလော့ |



# လာမည့်ရွေးကောက်ပွဲတွင် မဲပေးမှု မဆုံးရှုံးစေရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ အမရပူရမြို့နယ်အတွင်းရှိ လာမည့်ရွေးကောက်ပွဲတွင် မဲပေးနိုင်သော အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ မဲပေးနိုင်မှု မဆုံးရှုံးစေရေးအတွက် အမရပူရမြို့နယ် (လ·ဝ·က)မှ နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့က အမရပူရမြို့နယ်၊ မကျီးကိုင်းကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ မြို့နယ် (လ·ဝ·က)ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ အထွေထွေရွေးကောက်ပွဲတွင် မဲမေးပိုင်ခွင့်ရှိသူများအား မဲပေးခွင့် မဆုံးရှုံးစေရန်အတွက် အမရပူရမြို့နယ် (လ·ဝ·က) ဝန်ထမ်းများမှ One Stop Service ဖြင့် ပျောက်ပျက်၊ ဟောင်းနွမ်းမိတ္တူနှင့် ခရီးလွန်ပြန်လည်ရောက်ရှိလာသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၇၈ ဦး၊ စုစုပေါင်း ၁၃၂ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၈၄)

*-*-*-*-*





# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈၁)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈၁)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ရှေးဦးစွာ အလှူတော်ပထမပိုင်း အစီအစဉ်အဖြစ် မဲကျရာ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၈၂လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားရှိ မဟာအောင်မြေပေါင်းလဲကျောင်းတိုက်တွင် သံဃာတော်(၂၀၈)ပါးတို့အား နံနက် ၈ နာရီ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်းဝန်ထမ်းများက ဆွမ်းနှင့် ဆွမ်းဟင်းများဖြင့် အသီးသီး ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ ကထိန်အလှူတော် ဒုတိယပိုင်းအစီအစဉ်အဖြစ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမ၌ နံနက် ၉ နာရီခွဲတွင် (၈၁)ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော်အောင်ပွဲ ရေစက်ချ အခမ်းအနားကို ကျင်းပပြုလုပ်ရာ မဟာအောင်မြေ ပေါင်းလဲကျောင်းတိုက်၊ အနန္တဂုဏ်ရည်ကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဇဝန အမှူးပြုသော ဆရာတော်၊ သံဃာတော်အရှင်မြတ်(၂၈)ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို “နမော တဿ”သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် အနန္တဂုဏ်ရည်ကျောင်း တိုက်အုပ်ဆရာတော်ကြီးထံမှ ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်အရှင်မြတ်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို ရိုသေစွာ နာယူကြည်ညိုကြသည်။ ထို့နောက် အနန္တဂုဏ်ရည်ကျောင်း တိုက်အုပ်ဆရာတော်ကြီးထံ မြို့တော်ဝန်က ကထိန်လျာဥတ်သင်္ကန်းအား ဆက်ကပ်လှူဒါန်းပြီးနောက် ဥတ်မကြီးအလှူငွေကျပ် ၆၃၄၅၀၀၀ နှင့် ကျောင်းတိုက်ရှိ သံဃာတော် စုစုပေါင်း(၂၃၆)ပါးတို့အတွက် တစ်ပါးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် နဝကမ္မအလှူငွေကျပ် စုစုပေါင်း ၂၃၆ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းတိုက်ကပ္ပိယကာရကတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် မြို့တော်စည်ပင် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ၎င်းတို့၏ ဇနီးများက သံဃာတော်အရှင်မြတ်များထံ လှူဖွယ်ပစ္စည်းများဖြင့် အသီးသီး ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အနန္တဂုဏ်ရည်ကျောင်း တိုက်အုပ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကြသည်။ ဆက်လက်၍ အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု”သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး အလှူတော်အောင်မြင်ခြင်း အထိမ်းအမှတ် ရွှေမိုး၊ ငွေမိုးရွာသွန်းကာ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈၁)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်တွင် ကထိန်လျာ ဥတ်သင်္ကန်းကြီးအပါအဝင် ဥတ်မကြီးနှင့် လှူဖွယ်ပစ္စည်းပဒေသာပင်များ၊ နဝကမ္မအလှူငွေများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ခံကျွေးမွေးခြင်းတို့အတွက် စုစုပေါင်း လှူဒါန်းမှုများမှာ ငွေကျပ်သိန်း ၅၄၀ ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# အစားအသောက်များတွင် ဖော်မလင်များ ထည့်သွင်းထားသည်ကို စစ်ဆေးတွေ့ရှိပါက အရေးယူမည်

**မန္တလေး အောက်တိုဘာ ၂၅**

စားသောက်ကုန်ထုတ်လုပ်သူများသည် ၄င်းတို့၏ ထုတ်ကုန်များတွင် ဖော်မလင်များထည့်သွင်းသုံးစွဲ၍ ထုတ်လုပ်ခြင်း၊ရောင်းချခြင်းများမပြုကြရန် အသိပေးထားပြီး လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)က ကြေညာထားသည်။



စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက်(FDA)အနေဖြင့် စစ်ဆေးမှုများဆောင်ရွက်လျက်ရှိပြီး ဖော်မလင်အသုံးပြုထားသည်ကို တွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)ဖြင့် အရေးယူမည်ဖြစ်သည်။

"စားသုံးသူဈေးကွက်မှာ ရောင်းချနေတဲ့ ပဲပြားတွေ၊ ပဲသွေးတွေနဲ့ မုန့်ဖတ်တွေစတဲ့ စားသောက်ကုန်တွေကို တာရှည်ခံအောင် ဖော်မလင်ထည့်ကြတာတွေရှိတယ်။ အဲ့ဒီဖော်မလင်က ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့ တားမြစ်ဓာတုဆေးဝါးထဲမှာ ထည့်သွင်းထားပါတယ်။ ဒါကြောင့် စားသောက်ကုန်တွေထုတ်လုပ်ရာမှာ အသုံးမပြုရပါဘူး"ဟု ယင်းဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဖော်မလင်ဓာတုဆေးပါဝင်သော စားသောက်ကုန်များကို စားသုံးမိပါက ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ အသက်ရှုကျပ်ခြင်းစသည်တို့ ခံစားရနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-ဇ)**



# လျှပ်စစ်ဘေးအန္တရာယ် သတိပြုဖွယ်ရာ ဓာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ "လျှပ်စစ်ဘေးအန္တရာယ်သတိပြုဖွယ်ရာ ဓာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာ နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းက လျှပ်စစ်ဘေးအန္တရာယ်သတိပြုဖွယ်ရာဓာတ်တိုက်လေ့ကျင့်ခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆင်ပေါင်ဝဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် လျှပ်စစ်ဘေးအသိပညာပေးပိုစတာအား ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ခဲ့ပြီး လျှပ်စစ်ဘေးအန္တရာယ်သတိပြုဖွယ်ရာ ဓာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်ခဲ့ရာ လျှပ်စစ်လှုပ်ရှားနေစဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များအား ကျောင်းသား၊ ကျောင်းသူများမှ လေ့ကျင့်ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လျှပ်စစ်ဘေးဒဏ်ရာရ ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ရေးလုပ်ငန်းများကို သရုပ်ပြဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများကို မုန့်များနှင့် လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကျေးလက်လမ်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား အောက်တိုဘာ ၂၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ရေးလုပ်ငန်းခွင်များသို့ ယနေ့ မွန်းလွဲပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)မှ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်စန်းစန်းဝါ၊ မြစ်သားမြို့နယ်တာဝန်ခံ အင်ဂျင်နီယာများနှင့်အတူ အမှတ်(၄)ခရိုင်ပတ်လမ်း (မြင်းခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီလမ်း)ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ လမ်းပိုင်းတွင် ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၁၅၃၇ အိမ်၊ လူဦးရေ ၆၈၁၇ ဦး အသုံးပြုသွားလာလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**ဝင်းမင်းထွန်း(မြစ်သား)**

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံဧက ၅၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲသီးနှံ ၈၂၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး လျာထားချက် ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ထောပတ်ပဲသီးနှံ ဧက ၅၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့အတွက် တောင်သူတွေကို ထောပတ်ပဲသီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး မြေမှန်၊ မျိုးမှန် စနစ်တကျ စိုက်ပျိုးကြဖို့၊ မြေသြဇာနဲ့ သွင်းအားစုတွေ စနစ်တကျ သုံးစွဲကြဖို့၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းများကို ကြိုတင်ဆောင်ရွက်ကြဖို့ စတဲ့ တောင်သူပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်နေပါတယ်"ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲစိုက်ပျိုးတောင်သူများကို အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ မြေမှန်၊ မျိုးမှန် စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်ရေးနည်းလမ်းများစသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိက အကျဆုံး သီးနှံအရည်အသွေးကောင်းမွန်ရေး မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ GAP စနစ်နဲ့စိုက်ပျိုးခြင်း၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရာ၌ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုခြင်း၊ အချိန်မီ ရိတ်သိမ်းခြင်းစတဲ့ နည်းစနစ်များကို စနစ်တကျ လိုက်နာဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံအထွက်နှုန်း ကောင်းမွန်စေမှာဖြစ်ပါတယ်"ဟု ၄င်းက ပြောသည်။

ထောပတ်ပဲသီးနှံကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။



(ဝဲပုံ) (၄၄၅)

# ယခုနှစ် မိုးရာသီ ပဲစင်းငုံ ၁၁၅၄၄ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ကျွန်းလှ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ ပဲစင်းငုံ ၁၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

"ကျွန်းလှမြို့နယ်မှာ ပဲမျိုးစုံသီးနှံကို ရာသီအလိုက်စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံသီးနှံ စိုက်ပျိုးဖို့ ၁၁၅၄၁လျာထားပေမယ့် ၁၁၅၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရာမှာ သီးသန့်စိုက်ပျိုးပြီး မြေပဲ၊ အစေ့ထုတ်ပြောင်းသီးနှံများနဲ့ သီးညှပ်လည်းစိုက်ကြပါတယ်။ အခုအခါ ပဲစင်းငုံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊မျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုမရှိရေး၊ အထွက်နှုန်းကောင်းမွန်ရေး ကွင်းဆင်းအသိပညာပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၄၁၆ ဧက၊ပဲစင်းငုံ ၁၁၅၄၄ဧက၊ စုစုပေါင်း ၁၆၉၆၀ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

(အောက်ပုံ)

(၄၈၀)

*-*-*-*-*



# ပင်စင်စား တစ်ဦး၏ အိပ်မက်(သို့မဟုတ်) အသက်ရှူသံ

သွယ်အောင်

ကျွန်တော်တက္ကသိုလ်မှ ရရှိခဲ့သော သိပ္ပံဘွဲ့ တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံမှ ရရှိခဲ့သော စက်မှု အင်ဂျင်နီယာဒီပလိုမာတစ်ခုတို့ဖြင့် နိုင်ငံ့ဝန်ထမ်း ဘဝကို ခံယူကာ အသက်မွေးဝမ်းကျောင်းခဲ့ရဖူး သည်။

ကျွန်တော်၏ ငယ်ဘဝများကို ပြန်လှည့် ကြည့်လိုက်သောအခါ အားကစားကွင်းထဲမှ ဘောလုံးသမားတစ်ယောက်လို ပြေးပြေးလွှားလွှား နှင့် အတက်အဆင်းများလှသည်။ ၁၉၉၂ ခုနှစ် မှစ၍ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးကျောင်း တွင် သရုပ်ပြဆရာအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် မန္တလေးစက်မှုလက်မှုအထက်တန်း ကျောင်း(THS)သို့ ပြောင်းရွှေ့ကာ ရူပဗေဒဘာသာ ရပ်သင်ကြားပြသရသော ဆရာအဖြစ်ဖြင့်လည်း ကောင်း၊ တစ်ဝမ်းတစ်ခါးလှဖို့ ကြိုးစားရုန်းကန် ခဲ့ရသည်။

ထိုစဉ်ကာလများ၏ နေထိုင်မှု (Life Style) သည်အချိန်နှင့် အတိအကျစာသင်ကြားပြသရသော ကြောင့် ပင်ပန်းသယောင်ရှိသော်လည်း ကျောင်း သားတပည့်တပန်းများ၏ အောင်မြင်မှုအသီးအပွင့် ကို မြင်ရသောအခါ ပီတိဖြစ်ပြီး ပျော်ရွှင်ရပါသည်။

ဘဝသည် ရေသေလိုမဟုတ်၊ ရေစီးလိုအမြဲ တမ်းစီးဆင်းပြောင်းလဲနေပါသည်။ သင်ကြားမှု လိုအပ်ချက်အရ ရူပဗေဒ(စာပေဌာန)မှ မော်တော် ယာဉ်ဝပ်ရှော့(အလုပ်ရုံဌာန)သို့ လက်ထောက် နည်းပြရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရသည်။ ထိုသို့ စက်မှုကျောင်းဆရာဘဝဖြင့် နေ ထိုင်ဖြတ်သန်းစဉ် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေ ရရန် အဘိုးပန်းချီဆရာကြီးဆီမှ လေ့လာသင်ကြား ထားသော ပန်းချီပညာဖြင့် ပန်းချီဆွဲသည်။ ဒီဇိုင်း ဆွဲသည်။ ကာတွန်းဆွဲသည်။

ကံဆိုးသည်လား၊ ကံကောင်းသည်လား မပြောတတ်။ စက်မှုလက်မှုအထက်တန်းကျောင်း ၏ ကျောင်းဆရာဘဝသည် လေးနှစ်ခန့်သာကြာ လိုက်သည်။ အကြောင်းမှာ စက်မှုလက်မှုအထက် တန်းကျောင်း(THS)ကို ဖျက်သိမ်းကာ စက်မှု လက်မှုသိပ္ပံ(GTI)ဖြင့် ပေါင်းစည်းလိုက်သဖြင့် ကျွန်တော်လည်း စက်မှုလက်မှုသိပ္ပံ(GTI)ကျောင်း ဆရာဘဝသို့ ရောက်သွားသည်။ ထိုစဉ်က ကျွန်တော်တာဝန်ထမ်းဆောင်ရသော ဌာနသည် (MP)ဌာနဖြစ်ပြီး ဌာနမှူးမှာ ဒေါ်သူဇာလွင်၊ ကျောင်းအုပ်ကြီးမှာ ဦးစန်းငွေဖြစ်သည်။ မန္တလေး စက်မှုလက်မှုသိပ္ပံကျောင်းတွင် တာဝန်ထမ်းဆောင် ခဲ့ရစဉ်က ပျော်ရွှင်ခဲ့ရသည်ဟု ဆိုရပေမည်။ ထိုကျောင်းတွင် ကျောင်းစာကြည့်တိုက်ရှိပြီး စာ ကြည့်တိုက်တွင် ဆရာဦးကျော်ထွန်းဦး၊ ဆရာ ဦးသိန်းကျော်တို့နှင့်တွဲမိပြီး ကျောင်းမှ ဆရာ၊ ဆရာမဝန်ထမ်းများအား စာအုပ်များ ငှားရမ်းပေး သည့်အလုပ်ကို ဇော်လန်တီယာအနေဖြင့် ပါဝင် ကူညီဆောင်ရွက်ခဲ့သည်။

ကျောင်းစာကြည့်တိုက်သည် လစဉ်မပြတ် စာအုပ်အသစ်များကို ဝယ်ယူဖြည့်တင်းသဖြင့် နေ့ တိုင်းစာဖတ်ဖြစ်သည်။ စာဖတ်ခြင်း၊ စာရေးခြင်း သည်လည်း ကျွန်တော်၏ ဝါသနာပါသော အကျင့်ဖြစ်သဖြင့် ကျောင်းစာကြည့်တိုက်သည် ကျွန်တော့်အတွက် ရတနာပုံဆိုက်သော နေရာ ဖြစ်တော့သည်။ ထို့ကြောင့် မန္တလေးစက်မှုလက်မှု



သိပ္ပံကျောင်းသို့ ကျောင်းဆရာဘဝဖြင့် တာဝန် ထမ်းဆောင်ရခြင်းသည် ကံကောင်းလေစွဟု ထင် မှတ်မိသည်။ ပျော်ရွှင်မိသည်။ သို့သော် ကျွန်တော် ၏ ပျော်ရွှင်မှုမှာ ကြာကြာမခံစားလိုက်ရပေ။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ အမိန့်စာဖြင့် ရှမ်း ပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံနည်းပညာကောလိပ် သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်စာ ရောက် လာသည်။ ပြောင်းရွှေ့အမိန့်စာကြောင့် အလုပ်ဆက် လုပ်သင့်၊ မလုပ်သင့် စဉ်းစားရတော့သည်။ ဝန်ထမ်း လုပ်သက်မှာ (၁၀)နှစ်ရှိနေပြီ။ ကျွန်တော်၏ မိသားစု အိမ်သူနှင့် တိုင်ပင်ကြည့်ရာ အိမ်သူက ကျွန်တော် ၏ ကျောင်းဆရာဝန်ထမ်းဘဝကို တန်ဖိုးထားသဖြင့် ဆက်လုပ်စေချင်သည်။

ကျွန်တော်က ကျိုင်းတုံနည်းပညာကောလိပ် သို့ သွားရောက်တာဝန်မထမ်းဆောင်တော့ဘဲ အလုပ် မှထွက်စာတင်၍ ထွက်ချင်သည်။ အိမ်တွင် ကိုယ် ခွဲမရှိ၊ အိမ်သူမှာလည်း ကျန်းမာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမဖြစ်ပြီး သားဖြစ်သူမှာ တစ်နှစ်ပင်မပြည့်သေး၊ ငါးလသား အရွယ်ဖြစ်သည်။ အိမ်တွင် ယောက္ခမဖြစ်သူနှင့် ယောက်ဖဖြစ်သူကို ဇနီးကခေါ်ထားသဖြင့် ကျွန်တော်ကျိုင်းတုံနည်းပညာကောလိပ်သို့ ဆက် လက်တာဝန်ထမ်းဆောင်ရန် ဇနီးဖြစ်သူက တိုက် တွန်းသည်။ ထို့ကြောင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီ လဆန်းပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ကျိုင်းတုံ မြို့သို့ ထွက်ခွာဖို့ စီစဉ်ရလေသည်။ ကျွန်တော့် အရင်ဆရာ ဦးမြင့်ဦး၊ ဆရာကိုသိန်းကျော်တို့မှာ ကျိုင်းတုံနည်းပညာကောလိပ်သို့ ရောက်ရှိနေကြပြီး ကျွန်တော်ကျိုင်းတုံသို့ လာရောက်ဖို့ အသင့်စောင့် ကြိုလျက်ရှိသည်။

သူငယ်ချင်းဆရာများရှိနေ၍သာ ကျိုင်းတုံသို့ သွားမည်ဖြစ်သော်လည်း အမှန်အတိုင်းဆိုရသော် လေယာဉ်စီးရမည်ကို ကျွန်တော်ထိတ်လန့်ကြောက် ရွံ့နေမိသည်။ ကျိုင်းတုံလေယာဉ်ကွင်းမှာ အဆင့် မမြင့် သာမန်လေယာဉ်ကွင်းမျှသာ ဂျက်လေယာဉ် မဆင်းနိုင်၊ ဖော်ကာလေယာဉ်ငယ်များသာ အတက် အဆင်းလုပ်နိုင်သည်။ သမိုင်းပေးတာဝန်အရ မဖြစ် မနေ ကျိုင်းတုံမြို့သို့ လေယာဉ်ဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်တွင် ထွက်ခဲ့တော့သည်။ ကျိုင်းတုံလေယာဉ်ကွင်းသို့ လေယာဉ်ဘီးနှင့် ကွင်း ပြင်ထိတော့မှ 'ဟင်း'ခနဲ သက်ပြင်းချမိသည်။ ကြိုတင်ချိတ်ဆက်ထားသော ကိုသင်းခိုင် မော်တော် ယာဉ်ဖြင့် ကျိုင်းတုံအရှေ့ဘက် လွိုင်မွေသွား ကား လမ်းဘေးရှိ ကျိုင်းတုံနည်းပညာကောလိပ်သို့ ဆိုက် ဆိုက်မြိုက်မြိုက်ကြီး ရောက်တော့သည်။ ကျောင်း မှာ ကားလမ်း၏ ဘယ်ဘက် ဝမ်မိုင်ရွာနှင့် မျက်နှာ ချင်းဆိုင် ခပ်ပြေပြေတောင်စောင်းတစ်ခုပေါ် တည် ဆောက်ထားသည်။ ကျောင်းဘေးပတ်ဝန်းကျင်ရှိ ထင်းရှူးပင်အုံ့အုံ့ဆိုင်းဆိုင်းဖြင့် မြင်ကွင်းမှာ လှပ လို့နေသည်။ ကျောင်း၏ ဘေးပတ်ဝန်းကျင်တွင် စိမ်းညို့သော တောင်တန်းများက ဝန်းရံထားကြ သည်။

ကျွန်တော့်အဖို့ ရှုခင်းမှာ အသစ်အဆန်းဖြစ် နေသဖြင့် သက်ရှိပန်းချီကားထဲ ရောက်သွားသလို ခံစားရသည်။ တောင်ပေါ်လေ၏ အေးမြသော အရသာနှင့်အတူ နယ်မြေသစ်၊ ဒေသသစ်၊ ပတ်ဝန်း ကျင်အသစ်၏ ရနံ့ကို ထိတွေ့ရတော့သည်။ ဆရာ များစုပေါင်းနေသော အဆောင်တွင် နေရပြီး ကျောင်း အုပ်ကြီးအိမ်သွား၍ ရောက်ရှိကြောင်း သတင်းပို့ရ သည်။ ကျောင်းအုပ်ကြီးမှာ ပိန်ပိန်ပါးပါးဖြင့် အမြဲ တမ်းပြုံးရွှင်နေသော ဦးကျော်ကျော်လွင် ဖြစ်သည်။ ရောက်ပြီး တစ်ညအိပ်ကာ နောက်တစ်နေ့နံနက် စာသင်ခန်းသို့ တန်းဝင်ရတော့သည်။ ကျောင်းသား များမှာ မြန်မာလူမျိုးထက် ရှမ်းတိုင်းရင်းသားလူမျိုး စုများက ပိုများသည်။ ကျောင်းမှာ ကျိုင်းတုံမြို့နှင့် အနည်းငယ်ဝေးသောကြောင့် ဆိုင်ကယ်များဖြင့် လာရောက်ကျောင်းတက်ကြသည်။ ကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ အဆောင်များတွင် နေထိုင်ကြသူ များက ခြေလျင်လာကြသည်။

ဒေသခံများက ဖော်ရွေကြသော်လည်း ကျွန်တော့်မှာ မန္တလေးအိမ်လွမ်းစိတ်ဖြင့် ကျိုင်းတုံ နည်းပညာကောလိပ်တွင် မပျော်ရွှင်ဘဲ နေရသည်ဟု ဆိုရမည်။ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များတွင် အိမ်မှယူလာခဲ့သော ပုံဆွဲစက္ကူ၊ ရေဆေး၊ စုတ်တံ တို့ဖြင့် အောက်ဒိုးထွက်ဆွဲခြင်းဖြင့် အချိန်ဖြုန်းနေမိ သည်။ သင်္ကြန်ရက် ကျိုင်းတုံမှ မန္တလေးသို့ ပြန် ရောက်ပြီး ကျောင်းပြန်ဖွင့်ချိန် ကျိုင်းတုံမြို့သို့ ပြန် မတက်တော့ဘဲ ကျိုင်းတုံနည်းပညာကောလိပ်မှ အပြီးအပိုင်အလုပ်ထွက်စာတင်ကာ ဝန်ထမ်းဘဝမှ တစ်ဖြတ်နားလိုက်တော့၏။ ဘာမှမကြာလိုက် ၂၀၀၂ ခုနှစ်တွင် သူငယ်ချင်း စိုးနိုင်ဆွေ၏ ဖိတ်ခေါ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တွဲ ဖက်အတွင်းရေးမှူး ဦးစန်းမောင်နှင့်တွေ့ဆုံကာ မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ အယ်ဒီတာရာထူး ဖြင့် အလုပ်ဝင်ရောက်ဖြစ်သည်။

ဝါသနာပါသော အလုပ်ဖြစ်၍ နေ့တစ်လှည့်၊ ညတစ်လှည့် တာဝန်ထမ်းဆောင်ရင်း နိုင်ငံ့ဝန်ထမ်း ဘဝသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ မန္တလေးနေ့စဉ် သတင်းစာတိုက်သည် ဝန်ကြီးချုပ်၏ တိုက်ရိုက် အုပ်ချုပ်မှုနှင့် မြို့တော်ဝန်၏ ကြီးကြပ်မှုဖြင့် ထွက် ရှိရသောကြောင့် အချိန်နှင့်တစ်ပြေးညီ ထွက်ရှိအောင် ကြိုးစားဆောင်ရွက်ရသည်။ အမှားအယွင်းမရှိအောင် ဂရုစိုက်ရသည်။ တာဝန်အလွန်ကြီးသော လုပ်ငန်း ဖြစ်သည်။ အလုပ်စဝင်တုန်းကတော့ ခေတ္တခဏပဲ လုပ်ကြည့်မည်ဟု စိတ်ကူးထားသော်လည်း လုပ် သက် ၂၂ နှစ်ကြာသည်အထိ တာဝန်ထမ်းဆောင်ခဲ့ ပြီး အံ့သြနေမိသည်။ အသက် ၆၂ နှစ်ပြည့်ရန် လေးလအလိုတွင် သက်ပြည့်ပင်စင်ကြိုတင်ခံစားကာ (Life Style)ဘဝရှင်သန်နေထိုင်မှုအတွက် ကြိုတင် ပြင်ဆင်ခဲ့ပါသည်။ ပင်စင်ယူပြီးသည့်အခါ ပန်းချီ ပညာဖြင့် ဘဝကို အရိုးစင်းဆုံးနေထိုင်သွားမည်ဟု ဆုံးဖြတ်ထားသည်။ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၁၃ ရက်သည် သက်ပြည့်ပင်စင်ပြည့်သောနေ့ဖြစ်သည်။ ထိုနေ့မှာပင် တိုက်တိုက်ဆိုင်ဆိုင် စာအုပ်စင်ပေါ်မှ ကျွန်တော်ကြိုက်နှစ်သက်သော ကဗျာများကူးထား သည့် မှတ်စုစာအုပ်ကိုတွေ့၍ ကဗျာတစ်ပုဒ်ကို ဖတ် ကြည့်မိသည်။

ကဗျာမှာ အမျိုးသားစာပေဆုရ ကဗျာဆရာ မင်းချမ်းမွန်၏'ပင်စင်'ဆိုသည့် ကဗျာဖြစ်သည်။

ပင်စင်

* ဆုပ်ထားတဲ့လက်ကို
တစ်သက်စာ ဖြေချလိုက်တဲ့
ကစားကွက်ပဲ
အားလုံးနှုတ်ဆက်လိုက်ပါရဲ့။
* တိုက်ပုံနဲ့ လည်ကတုံးကလည်း
နေရစ်တော့
စားပွဲပေါ်က ဖိုင်တွဲ
ပင်အပ်၊ ဖောက်စက်
ဖျက်ဆေး၊ စာကြမ်း
ဟောင်းနွမ်းသော နံ့များပေါ်
မပျော်ရွှင်ဘူး။
* အလိမ်အခေါက်တွေနဲ့
အမြှောက်ဘောကြိုက်တဲ့ လောကထဲ
နှစ် ၃၀ လုံးလုံး
သိက္ခာရှိရှိ ခြေရှုံးတဲ့
ဘောလုံးသမားဘဝမျိုးမှာ
ထိုးမြဲလက်မှတ်များ
သန့်စင်ခဲ့ပါတယ်။
* နောက်ရထားလည်း
ပြောင်းစီးဖို့
စိတ်မကူးတော့ဘူး။
* တော်ပြီ
FM ရေဒီယိုလေးနဲ့
ထသွား ထလာ
ဖတ်စရာစာအုပ်တွေ
တစ်အုပ်ပြီး တစ်အုပ်
ရေးစရာ ကဗျာတွေ
တစ်ပုဒ်ပြီး တစ်ပုဒ်။
* မနက်တိုင်း
ဘုရားစင်ရှေ့
ခနောင်ပါးပါးရဲ့ ဖြစ်ပျက်ကို ရှုမယ်
ပြီးတော့
ဟစ်ပိုကရေးတီး တုတ်ကောက်နဲ့
ငှက်တစ်ကောင်လို
လမ်းလျှောက်ထွက်မယ်။

မင်းချမ်းမွန်
(စတိုင်သစ်မဂ္ဂဇင်း)
၂၀၀၄၊ ဩဂုတ်လ

လူတိုင်းအိပ်မက်ကိုယ်စီရှိကြသည်။ ကျွန်တော်အငြိမ်းစား အယ်ဒီတာတစ်ဦးဖြစ်ပါ သည်။ ကျွန်တော်၏ အိပ်မက်က တစ်ခုတည်း ဖြစ်သည်။ **'ပန်းချီရေးဆွဲခြင်းဖြင့် ကျောင်းသား လူငယ်လေးတွေ ပန်းချီပညာသင်ပေးချင်သည်'** ကျွန်တော်၏ အိပ်မက်သည် 'ပန်းချီ'ဖြစ်သည်။

ယခု ကျွန်တော်ကိုယ်ပိုင်အထက်တန်း ကျောင်းတစ်ကျောင်းမှာ ပန်းချီပညာသင်ကြားနေ ပါသည်။ ဆရာမင်းချမ်းမွန်၏ ကဗျာထဲကလို ငှက် တစ်ကောင်အဖြစ် လမ်းလျှောက်ထွက်နေပါပြီ။ ကျွန်တော်၏ အသက်ရှူသံကို ကျွန်တော်ပြန်ကြား နေရသည်။



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်

**နမ့်စန် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဟိုက်ဖတ် ကျေးရွာအုပ်စု၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဥမ္မာအောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်ကြသည့် မနော်ဟောပလူထူးနှင့် မနှင်းဆုလှိုင်တို့က လူငယ်နှင့် ကိုယ်ကျင့်တရား၊ မနန်းရှန်မွန်းနှင့် မချိုချိုအေးတို့က လူငယ်နှင့် မူးယစ်ဆေး၊ မနွယ်လင်းဦးနှင့် မောင်ဟိန်းမင်းဝေတို့က လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် ခေါင်းစဉ်များဖြင့် အသီးသီး ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဖြည့်စွက်ဆွေးနွေး၍ မေးမြန်းခဲ့ရာ မြို့နယ်ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနဦးစီးမှူး၊ မြို့နယ်အားကစားမှူးနှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ဥမ္မာအောင်တို့က ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့ ။




## စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

အများပြည်သူ စာအုပ်၊ စာပေဖတ်ရှုခြင်းများမှ အသိပညာဗဟုသုတများစွာ ရှိစေရန် ရည်ရွယ်ကာ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အောင်မြေသာစံခရိုင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက စာအုပ်၊ စာစောင်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

စာအုပ်၊ စာစောင်များ လှူဒါန်းရာတွင် အောင်မြေသာစံမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာ၊ ကျောင်းစာကြည့်တိုက် ၁၅ တိုက်အတွက် စာအုပ်၊ စာစောင် စုစုပေါင်း ၇၅၀ အုပ်ကို လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းမှုများအတွက် စာကြည့်တိုက်များ ကိုယ်စား စာကြည့်တိုက်မှူးတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချမ်းမြေ့မောင်

*-*-*-*-*-*-*




## စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသ

**ကံမ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ပြောင်ကျကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုရည်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က ဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် မိမိတို့အတွက် ဗဟုသုတရရှိနိုင်မည့် ပြင်ပစာပေများအား ဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်း လူငယ်ဘဝပညာသင်အရွယ်မှစပြီး မိမိဝါသနာ၊ ဗီဇနှင့်ကိုက်ညီသည့် ရည်မှန်းချက်ရှိရမှာဖြစ်ကြောင်း စာတတ်ဖို့သာမက ပညာတတ်ဖို့ပါ ကြိုးစားကြရန် စသည်ဖြင့် အသိပညာပေးဟောပြောခဲ့သည်။

(အောက်ပုံ)

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ပြသထားသည့် စာကြည့်တိုက်ဆိုင်ရာနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ဇော်ထက်(သရက်)



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန္မာ့ဒေါ်လေး

## စိတ်ထား

* လူတိုင်းမှာ ရှိတဲ့စိတ်
ကောင်းစိတ် မကောင်းစိတ်
ရှင်သန်တဲ့ စိတ်။

* ရိုးသားဖြူစင်တဲ့ စိတ်
မြင့်မြတ်တဲ့ စိတ်
လူတစ်ကိုယ် စိတ်တစ်ခုပေမယ့်
အရိပ်လို အရောင်ခြယ်
စေတသိတ်နယ်က ကျယ်လှပါလား။

* လူတိုင်း လူတိုင်း
စိတ်ရိုင်းတယ်ဆို မကြိုက်
မကြိုက်သော်လည်း
စိတ်မိုက်လို့ ရိုင်းမိတာ
အတောမသတ်။

* စိတ်ထားကောင်းသူရယ်လို့
အပြောနယ်ခံချင်ကြတာ
လူတိုင်း လူတိုင်းပါပဲ။

* အနှိုင်းမယှဉ်ဗုဒ္ဓ
စိတ်ရိုင်းကို ယဉ်အောင်
ပါရမီရှိသူကို ထွန်းပြောင်အောင်
ဆောင်နယ်ကာ တရားစကြာနဲ့
အတုမရှိ ကယ်တင်ခဲ့တယ်။

* ဗုဒ္ဓရဲ့ စိတ်ထား
ဘဝပေါင်းများစွာ
အနစ်နာခံ စွန့်လွှတ်ခြင်း
သူမတူခြင်း အမှုတွေနဲ့
မြင့်မြတ်ပေ သူ့နှလုံးသား
ဘယ်သူ့စိတ်ထားမှ မမီ
နှိုင်းမတည် ကောင်းစိတ်မည်ပ ။ ။

ရေချမ်း မန်း



# မိုးရှာမြို့တွင် တန်ဆောင်တိုင်ပွဲတော်ကို လေးရက်ကြာ ကျင်းပမည်

**မိုးရှာ အောက်တိုဘာ ၂၅**

မိုးရှာမြို့တွင် တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စုပေါင်းမဟာဘုံကထိန်အလှူတော်ပဒေသာပင်များကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ နိုဝင်ဘာ ၁ ရက်(စနေနေ့) မွန်းလွဲပိုင်းတွင် မိုးရှာမြို့တွင်းသို့ လှည့်လည်ပူဇော်မည် ဖြစ်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတွင်းခန်းမတွင် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်း၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့၊ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ဘုရားအနေကဇာတင်ပွဲနှင့် သံဃာအပါး ၁၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မိုးရှာမြို့၊ ကန်သာယာ၊ ရာပြည့်ကပ်ကျော်စေတီတော်တွင် ကျင်းပမည် ဖြစ်သည်။

ထိုနေ့ ညနေပိုင်းတွင် မိုးရှာမြို့ ပြည်ထောင်စုရင်ပြင်၌ စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ပြီး ညပိုင်းတွင် မီးပုံးပျံအသေး ၂၀၀၀ လုံး၊ မီးပုံးပျံ အကြီး ၅၀၀ လုံးနှင့်အတူ မီးရှူးမီးပန်းများ လွှတ်တင်မည်ဖြစ်သည်။

မိုးရှာတန်ဆောင်တိုင်ပွဲတော်တွင် နာမည်ကျော်တေးသံရှင်များ၏ စင်မြင့်ဖျော်ဖြေရေးကို တန်ဆောင်မုန်းလပြည့်နေ့ မွန်းလွဲပိုင်းမှစတင်၍ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်တွင် စတုဒိသာအလှူများ၊ ပျော်ပွဲရွှင်ပွဲများ ပါဝင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၉၄)

# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၅**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(မွော်စရိယ၊ B.A)ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ရေစက်ချအနုမောဒနာတရား နာယူကြည်ညိုကြပြီး မန္တလေးမြို့နေ ဝပ်ရှော့ဆရာကြီး ဦးဘကြည်+ဒေါ်အုန်းကြည်၊ (သား)ကိုဆန်နီ၊ ကိုတင်မောင်မောင်၊ (သမီး)မယဉ်ယဉ်နွဲ့၊ (မြေး)ကိုဖိုးသား(ခ)ကိုအောင်ခန့်ဖြိုးတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီးငွေကျပ် ၂၄ သိန်း၊ ဖြည့်စွက်လှူဒါန်းငွေကျပ် နှစ်သိန်း၊ စုစုပေါင်းငွေကျပ် ၂၆ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**(အောက်ပုံ)**

**PNT**



# (၂၄)ကြိမ်မြောက် မန္တလေးစာပေနှင့် အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးမြို့တွင် နေထိုင်သည့် စာရေးဆရာ၊ သတင်းစာဆရာ၊ သတင်းထောက်၊ ကဗျာဆရာ၊ ကာတွန်းဆရာနှင့် စာပေချစ်မြတ်နိုးသူများ စုစည်းပြီး နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် မန္တလေးစာပေနှင့် အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်ကို ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ အောက်တိုဘာ ၃၀ ရက်တွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄ လမ်း၊ ၇၉ လမ်းနှင့် လမ်း ၈၀ကြားရှိ ဥတ္တရလွင်ပြင်စာပေရှေ့တွင် ခင်းကျင်းမည်ဖြစ်ပြီး တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတောင်ရိုး၊ မော်လမြိုင်ချောင်ဆရာတော် ဘဒ္ဒန္တကုမာရ (စာရေးဆရာမောင်ခင်ခင်သိန်း) ကျောင်းတိုက်တွင် သီတင်းသုံးသည့် သံဃာတော် ၁၁ ပါးအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ရေစက်ချလှူဒါန်းမည်ဖြစ်သည်။

တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဥတ္တရလွင်ပြင်စာပေတွင် မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်၍ မန္တလေးစာပေနှင့် အနုပညာရှင်များစုပေါင်းမဟာကထိန်တော်ဖြစ်မြောက်ရေးအတွက် ကထိန်တော်ဖြစ်မြောက်ရေးကော်မတီဝင်များထံသို့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၇၀)

*-*-*-*-*-*-*

# နယ်စပ်တောင်တန်းဒေသ ကထိန်တော်အတွက် ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ပဓာနနာယကဆရာတော်၊ ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် (၁၈)ကြိမ်မြောက် ကထိန်တော်အတွက် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နေ အလှူရှင် ဦးလင်းကြည်+ဒေါ်နိုင်နိုင်ဦး မိသားစုက ငွေကျပ် နှစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ပဒေသာပင် နှစ်ပင်ကို ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ရုံး(မန္တလေး) ဥက္ကဋ္ဌကိုယ်စား ဦးမိုးကျော်နှင့်အဖွဲ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ မန္တလေးမြို့နေ အလှူရှင် နှစ်ဖက်မိဘတို့အား အမှူးထား၍ ဦးကိုအေး+ ဒေါ်ခင်ယုကြူ မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် (အဘိုး)ဦးမြင့်+(အဘွား)ဒေါ်တင်တင်အေး၊ (အဘွား)ဒေါ်သန်းမေ၊ (ဖခင်)ဦးမျိုးမြင့်ဆွေတို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးလင်းထိန်+ ဒေါ်ခင်အေးချို၊ (သမီး)မဖြိုးထက်ပွင့်၊ မခိုင်ဇာဇာထွန်း မိသားစုက ပဒေသာပင်တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် မစန္ဒာမြင့်၊ ဒေါ်သီတာမြင့်တို့က ပဒေသာပင်တစ်ပင်၊ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဒေါ်ခင်လှမြင့် မိသားစုက ပဒေသာပင်တစ်ပင်၊ နေပြည်တော်နေ အလှူရှင် ဒေါ်သန်းနုနုစိန် မိသားစုက ပဒေသာပင်တစ်ပင်၊ စစ်ကိုင်းမြို့ ပါရမီရပ်နေ အလှူရှင် ဦးအောင်စိန်+ဒေါ်ညွန့်ညွန့်ရီ မိသားစုက ပဒေသာပင်တစ်ပင်တို့ကို အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ယာပုံ)**

(၀၄၉)



# မန္တလေးဘောလုံးသမားများအသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းမဟာကထိန်တော် ရေစက်ချမင်္ဂလာအခမ်းအနား မော်လမြိုင်မြို့တွင် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၅**

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးဘောလုံးသမားများ အသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းမဟာကထိန်တော်လှူဒါန်းခြင်းကို ကသိုလ်ရှင်အဖြစ် ဦးတင့်နိုင်အေး(ခ)ကြက်ဖအား ရည်စူး၍ ကျန်ရစ်သူမိသားစု ဒေါ်ရီရီဝင်း၊ (သား)ကိုရဲမင်းခိုင်+(ဇနီး)ဒေါ်မိမိပိုး၊ (သမီး)ရွှေယွန်းဆု၊ ရွှေယွန်းခိုင် မိသားစုတို့က ပါဝင်လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါ မန္တလေးဘောလုံးသမားများအသင်း၏ အကြိမ်(၂၀)မြောက် စုပေါင်းမဟာကထိန်တော်မှာ နိုဝင်ဘာ ၁၈၊ ၁၉၊ ၂၀ ရက် သုံးညအိပ်လေးရက် ခရီးစဉ်ဖြစ်ပြီး လိုက်ပါကြမည့် အသင်းဝင်များအနေဖြင့် နိုဝင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ အသင်းအမှုဆောင် ဦးမျိုးနိုင် ဖုန်း ၀၉-၂၀၁၁၇၇၇ သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ကထိန်ပွဲတော်အတွက် လှူဒါန်းကုသိုလ်ပြုရန် အသင်းအမှုဆောင် ဦးမျိုးနိုင် ဖုန်း ၀၉-၂၀၁၁၇၇၇၊ ဦးမြင့်ကိုဦး ဖုန်း ၀၉-၂၀၂၄၈၁၁၊ ဦးဝင်းနိုင် ဖုန်း ၀၉-၈၁၀၈၀၆၁၇ တို့ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းထံမှ သိရသည်။

အသင်းမှ Express Car ၄၅ ယောက်ဆံ့ တစ်စီးနှင့် လိုက်ပါကြမည့် ကစားသမားတစ်ဦးစီအတွက် သုံးရက်စာ စားသောက်စရိတ်ငွေကျပ် ၆၀၀၀၀ ပံ့ပိုးပေးမည်ဖြစ်ပြီး မိမိကုန်ကျစရိတ်ဖြင့် ကထိန်ခရီးစဉ်လိုက်ပါမည့်သူများသည်လည်း အသင်းအမှုဆောင်ထံ ကြိုတင်သတင်းပေးပို့ကြပါရန် နှိုးဆော်ထားကြောင်းနှင့် လိုက်ပါကြမည့်သူများသည် မှတ်ပုံတင်ကတ်နှင့်အတူ သုံးစွဲနေကျ လိုအပ်ရာဆေးဝါးများ ယူဆောင်လာရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၈ ရက် နံနက် ၆ နာရီတွင် ဗထူးကွင်းမှ စတင်၍ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(၀၄၀)

**ရေနတ်မြောင်းအတွင်း စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့် သင်၏ဂုဏ်ကို မြှင့်တင်ပါ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၅)၊ ဦးပိုင်နံပါတ်(၇၇-က)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးလှအောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအုန်းကျော်(ဘ)ဦးမြတ်ကျော်(၉/မရမ(နိုင်)၀၆၁၂၇၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၉)၊ ဦးပိုင်နံပါတ်(၅၇)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ) အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်ခြမ်း (၄၅×၄၅)ပေထဲမှ မြောက်ဘက်ပိုင်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရသူ (ဖခင်)ဦးကျော်ကျော် ကွယ်လွန်သွားသဖြင့် လက်ရှိပူးတွဲအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်အေးအေး(ဘ)ဦးကျော်ကျော်(၉/ပကခ(နိုင်)၀၈၈၄၈၀)၊ ဒေါ်ဝင်းနိုင်(ဘ)ဦးကျော်ကျော်(၉/ပကခ(နိုင်)၀၀၅၅၅၀)၊ ဒေါ်တင်တင်မျိုး(ဘ)ဦးကျော်လွင်(၉/မနတ(နိုင်)၀၉၈၄၅၈)၊ ဒေါ်မာမာကျော်(ဘ)ဦးကျော်ကျော်(၉/ပကခ(နိုင်)၀၅၀၀၉၉)၊ ဦးချမ်းသာ(ဘ)ဦးကျော်ကျော်(၉/ပကခ(နိုင်)၀၁၈၁၀၇)နှင့် ဒေါ်ခင်မာမာ(ဘ)ဦးကျော်ကျော်(၉/ပကခ(နိုင်)၀၀၅၅၄၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၁၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကြီးညို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးသူ(ဘ)ဦးမိုးသီရာမ်(၁၃/နခတ(နိုင်)၀၇၆၈၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးနှင့်ကပ်လျက် တောင်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မနှင်းရွှေ(ဘ)ဦးလှရွှေ(၉/ခမစ(နိုင်)၀၄၂၂၉၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၀၀

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁)၊ ဦးပိုင်အမှတ်(၇၇)၊ ၅၃လမ်း၊ ၁၁၅ လမ်းနှင့် ၁၁၆လမ်းကြားရှိ မြေကွက်အား ဘောဂရန်အမှုတွဲအမှတ်(၈၀၆၇/၉၂-၉၃)အရ ဒေါ်ကြည်ကြည် မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၃၈၀၆၄) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန်။ ဒေါ်ရီရီရွှင် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၀၀၆၀၄၁)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးရွှေမောင် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံတံတိုင်း အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးဌေးဦး(ဘ)ဦးတိုက်မောင်(၅/မရန(နိုင်)၀၆၁၀၇၃) မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ကိုလတ် (LL.B) ဒေါ်ဝါဝါကို (LL.B) ဦးအောင်နိုင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**၃၈လမ်း၊ ၇၈လမ်းနှင့် ၇၉လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၀၃၄၄၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၃)၊ ဦးပိုင်အမှတ်(၁၁၆-ခ)၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ ဦးသန်းနွဲ့ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံရသော မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးကျော်ဆွေ(ဘ)ဦးမောင်လှ(၁၂/သဃက(နိုင်)၁၅၄၄၈၃)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးနေမျိုးဇော်**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၇၅၅)**

| ဦးဝေဖြိုးကျော် | ဦးဟုန်ကျိုန်ပိ | ဒေါ်မိမိထွန်း |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၉၆၀) | အထက်တန်းရှေ့နေ(စဥ်-၅၄၅၇၆) | အထက်တန်းရှေ့နေ(စဥ်-၅၅၆၅၆) |

**အမှတ်(န-၃/၂၈)၊ ၆၂(A)လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊**
**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၁၀၁၈၄၆၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ဦးပိုင်အမှတ်(၈၂-က)၊ ဧရိယာ (၀ ဒသမ ၀၃၁)ဧကအကျယ်အဝန်းရှိ ဒေါ်သန်းသန်းလွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီး အပါအဝင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းရပ်များ၊ ဝင်းခြံအကာအရံနှင့်တကွ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်သူ ဒေါ်သန်းသန်းလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်ဇင်မာအောင် (LL.B) ဒေါ်ချိုချိုဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**Success ဥပဒေနှင့်စီးပွားရေးအကြံပေးဝန်ဆောင်မှု**
၆၂လမ်း၊ ၃၁လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၁၄၀၀၆၀၊ ၀၉-၂၅၄၀၄၉၉၈၉

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ အကွက်အမှတ်(၅၉၀/၁)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ (၁ ဒသမ ၄၀၄)ဧကနှင့် အကွက်အမှတ်(၅၉၀)၊ ဦးပိုင်အမှတ်(၃-က/၃)၊ ဧရိယာ (၀ ဒသမ ၁၈၇၈)ဧက၊ စုစုပေါင်း မြေချိန်ဧရိယာ (၁ ဒသမ ၅၉၁၈)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသော Garden Condominium အတွင်းရှိ Tower(C) ၊ (၁၁)လွှာ၊ အခန်းအမှတ်(၇)နှင့် ယင်းအခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်လျက်ရှိသူဟု အဆိုပြုသူ ဦးဇော်လှိုင်ထွန်း(ဘ)ဦးထွန်းလှိုင်(၁၄/ဘကလ(နိုင်)၁၄၀၂၉၄)ထံမှ ၁။ ဦးပြည့်ဖြိုးမောင်(ဘ)ဦးအေးဝင်းမောင်(၉/ပကခ(နိုင်)၀၂၁၃၆၁)၊ ၂။ ဒေါ်စုစုလှိုင်(ဘ)ဦးအေးဝင်းမောင်(၉/ပကခ(နိုင်)၀၂၁၄၇၅)တို့မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ပွင့်ရည်ဦး(ခ)ချောချော**
**(တရားလွှတ်တော်ရှေ့နေ)(စဥ်-၁၈၉၉၉)**
**လမ်း၆၀၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၇)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ (ရေ+မီး) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်၊ ကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ညွန့်ကြည်(ဘ)ဦးညို(၉/မလန(နိုင်)၀၂၇၅၇၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ် (LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃/၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၈)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်ကြပ်လှမောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်သွယ်သွယ်လင်း(ဘ)ဦးသန်းမောင်(၉/အမဇ(နိုင်)၀၁၃၂၆၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၂)၊ ဦးပိုင်အမှတ်(၅၃+၅၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးသီဟဇော် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက် ပိုင်ဆိုင်ထားသူဖြစ်သော ဦးသီဟဇော်(ဘ)ဦးပွင့်(၉/မဟမ(နိုင်)၀၅၄၅၇၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း**

**တရားလွှတ်တော်ရှေ့နေ**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၁၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဒေါ်မွေးမွေးခင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အဆောက်အအုံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်မွေးမွေးခင်(ဘ)ဦးဘခင်(၅/ကသန(နိုင်)၀၁၁၇၃၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးအောင်ကိုကိုဦး(ဥပဒေဘွဲ့) ဦးကျော်သိန်းထွန်း(ဥပဒေဘွဲ့) ဦးငြိမ်းချမ်းအောင်(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**မော်ကွန်းဥပဒေအကျိုးဆောင်**

**၃၂(ဘီ)လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၉၄၀၇၀၀၀၀၈၊ ၀၉-၉၄၀၇၀၀၀၀၉၊ ၀၉-၉၄၀၈၀၀၀၀၈၊ ၀၉-၉၄၀၈၀၀၀၀၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်နံပါတ်(၁၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဝင်းဝင်းမြင့် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကျိုသီး(ခ)ဒေါ်လှလှဝင်း(ဘ)ဦးမန်းဘဟာဒူးရ်(၉/မကန(နိုင်)၀၉၂၃၄၃)[၄င်း၏ကိုယ်စား ခင်ပွန်းဖြစ်သူ ဦးဒီပါတ်(ဘ)ဦးမိုဟန်လာလ်(၉/ပဥလ(နိုင်)၀၁၂၅၃၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၃၁)၊ ဦးပိုင်နံပါတ်(၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးညွန့်ဝေ အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀)နှင့် ကပ်လျက် တောင်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းသင်းနွယ်(ဘ)ဦးမောင်မောင်(၁/မညန(နိုင်)၀၃၁၅၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၆၆)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်တင်တင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့် ကပ်လျက် မြောက်ဘက်ပိုင်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ရှိန်(ဘ)ဦးချစ်တီး(၉/မရတ(နိုင်)၀၄၀၁၉၂)[၄င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်ခင်ဝင်းမြင့်(ဘ)ဦးကျော်ရှိန်(၉/မရတ(နိုင်)၀၄၀၁၉၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၃၀)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးတင်ဆောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ တောင်ဘက်အစွန်ဆုံးအခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ဇင်သန့်(ဘ)ဦးကြည်စိုး(၉/သစန(နိုင်)၁၅၆၇၂၃) [၄င်း၏ကိုယ်စား ဦးအောင်ခြူးမင်းကျော်(ဘ)ဦးကျော်စိုး(၉/အမဇ(နိုင်)၀၀၀၅၈၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ- ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M) တရားလွှတ်တော်ရှေ့နေ ဦးကြည်ယံ (LL.M) အထက်တန်းရှေ့နေ ဦးစည်သူအောင် (LL.B) အထက်တန်းရှေ့နေ ဒေါ်သဲမိုမိုထွန်း (LL.B) အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၉)၊ ဦးပိုင်အမှတ်(၁၉-မ+၁၉-ယ)၊ ၁၅လမ်းနှင့် ၁၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးတိန်ဇုန်း(ခ)သန်းဆွေ(၁/မကန(နိုင်)၀၉၆၅၃၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၈၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယဉ်မင်းထွန်း(၉/စကတ(နိုင်)၀၆၁၅၈၁)က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြသန်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ခဲစင်းပြဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မန္တလေးမြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ် ချုပ်ဆို၍ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးသန်း(ဘ)ဦးအေးမောင်(၉/မနမ(နိုင်)၀၁၁၂၅၅)ထံမှ ကျွန်တော် ဦးအောင်ဖြိုးကျော်နှင့် ကျွန်မ ဒေါ်တင့်တင့်လွင်တို့က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်မူရင်း အထောက်အထားများနှင့် ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**၁။ ဦးအောင်ဖြိုးကျော် (၉/ခအဇ(နိုင်)၀၀၅၉၁၀)**

**၂။ ဒေါ်တင့်တင့်လွင် (၈/ရနခ(နိုင်)၀၈၀၄၅၇)**

**09-43072256, 09-2029239**

❖ အုပ်ချုပ်ရေးတာဝန်ယူထားသူများနှင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းနေရန်လို…

❖ ထို့ကြောင့် အုပ်ချုပ်သူများအနေဖြင့် အရည်အချင်းပြည့်ဝရန်လိုအပ်သကဲ့သို့ အုပ်ချုပ်မှုအတတ်ပညာ၊ ဥပဒေနှင့် ဒေသဖွံ့ဖြိုးရေးအမြင်များရှိရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာတွင် ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးနေမှု ကြည့်ရှုအားပေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ ပေးအပ်လှူဒါန်းစဉ်။

တပ်ကုန်း အောက်တိုဘာ ၂၅

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ခုတင် ၃၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး (နေပြည်တော်)နှင့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံ (တပ်ကုန်း)တို့မှ အထူးကုဆရာဝန်ကြီးများက တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာတွင် ကွင်းဆင်းဆေးဝါးကုသမှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ မင်္ဂလာရန်အောင်ကျောင်းတိုက်တွင် အုန်းပင်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် တောင်ပို့သာ၊ သကြားဟင်းအိုး၊ သစ်ဆိမ့်ပင်၊ ဆူးတက်၊ ကျောက်စရစ်ကုန်း၊ ကျွဲလည်ပင်း၊ ချင်းစုနှင့် ကြာပင်အင်းကျေးရွာတို့မှ ဒေသခံပြည်သူများအား အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် ကျန်းမာရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်ဆောင်ရွက်ပေးနေမှု၊ လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ၂၀၂၆ ခုနှစ် ပြက္ခဒိန်များအား ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာပြည်သူလူထုနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်မီဒီယာအနေဖြင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းစဉ်များအတိုင်း သတင်းအချက်အလက်များကို စဉ်ဆက်မပြတ်ထုတ်ပြန်ပေးခြင်းနှင့် အသိပညာမျှဝေပေးခြင်းတို့အပြင် အနုပညာရှင်များနှင့်ပေါင်းစပ်၍ သဘာဝဘေးသင့်ဒေသများသို့ သွားရောက်ပြီး စာနာမှု၊ အားပေးမှုနှင့် စိတ်ခွန်အားမြှင့်တင်မှုတို့အတွက် ဖျော်ဖြေရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းပြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အုန်းပင်-တောင်ပို့သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ လယ်ငယ်ချောင်းကူးတံတားအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့က အရှည်ပေ ၃၀၀ ရှိ သံကူကွန်ကရစ်ချောင်းကူးတံတားပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ၏ ခွင့်ပြုရန်ပုံငွေနှင့် ဆည်မြောင်းဦးစီးဌာနက ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပွဲစားရေလွှဲဆည်အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေအား စေတီတော်ဂေါပက တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် သားခိုတောင်ဒေသအား ပြည်သူများလာရောက်လေ့လာနိုင်မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ ညောင်ပင်သာအပန်းဖြေစခန်းနှင့် တွဲဖက်၍ ခရီးသွားဧည့်သည်များ လာရောက်ခြင်းဖြင့် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးတက်စေမည့်အစီအမံများနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သားခိုတောင် မဟာအတုလလောကရန်အောင် ဆုတောင်းပြည့်စေတီသည် တပ်ကုန်းမြို့၏ အရှေ့ဘက် မိုင် ၂၀ ခန့်အကွာ အုန်းပင်ကျေးရွာတွင် တည်ရှိပြီး သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၂၅**

၂၀၂၅-၂၆ ခုနှစ် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၇)တစ်ပွဲဖြစ်သည့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်ကို YUSC ကွင်းတွင် ယနေ့ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်အသင်းက မိုဂူး၏ တစ်လုံးတည်းသောသွင်းဂိုးနှင့် အနိုင်ရရှိခဲ့သည်။

၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး တစ်ဖက် ဟံသာဝတီအသင်းကို ယှဉ်ပြိုင်ကစားခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်း တိုက်စစ်မှူး မိုဂူးနှင့်အတူ အီစိုး၊ အာကာကျော်နှင့် ရှုတိုတို့၏ ဂိုးကန်သွင်းမှုများရှိခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်နေခဲ့ သည်။

ဒုတိယပိုင်းစပြီး မိနစ်အနည်းငယ်အကြာတွင် ဒေးဗစ်ထန်း၊ အီစိုးနှင့် သာယာဝင်းထက်တို့ အစား ချစ်အေး၊ ဆိုင်တိုနှင့် ဇော်ဝင်းသိန်းတို့ ဝင်ရောက်ကစားခဲ့ကြသည်။ ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ရရှိခဲ့ပြီး ဇော်ဝင်းသိန်း ဂိုးသွင်းရန်ကြိုးစားမှုကို ဂိုးသမားကာကွယ်ရာမှ ပြန် လျှံထွက်လာသည့် ဘောလုံးကို မိုဂူးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဆက်လက်ပြီး ရန်ကုန်အသင်း တိုက်စစ်ဆင်ကစားခဲ့သော်လည်း တစ်ဖက်အသင်း၏ ကာကွယ်ဟန့်တားမှုများကြောင့် ဂိုးထပ်မံရရှိခဲ့ခြင်း မရှိဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ် ၇ ပွဲကစား၊ ၆ ပွဲနိုင်၊ ၁ ပွဲရှုံး၊ ရမှတ် ၁၈ မှတ်နှင့် အမှတ်ပေးဇယား အဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်နေပြီး လာမည့် နိုဝင်ဘာ ၂ ရက်နေ့၊ သုဝဏ္ဏကွင်းတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်ကြောင်း သိရသည်။ **(NGB)**